မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၅၁ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၃/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော "ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ" မှ **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းကော်မတီ** တွင် အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး **အစား** အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၆/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၂/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **၂၀၂၀ ပြည့်နှစ်၊ (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ** တွင် အဖွဲ့ဝင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် (၃) ဒေါ်စံပယ်ထွေး **အစား** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင် (၅) ဦးဆန်းနိုင် အား ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၈/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ထွန်း ကို စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း (၁၃)၊ ပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဈေးကွက်အား ဥပဒေနှင့်အညီ ပီပြင်စွာတည်ထောင်ပြီး စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်မီ ကူးပြောင်းဆဲကာလအဖြစ် သတ်မှတ်ပေးခဲ့သည့် သက်တမ်းသည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့တွင် သက်တမ်းစေ့ရောက်မည်ဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ သက်တမ်းတိုးမြှင့်သတ်မှတ်လိုက်သည်။

၂။ ကူးပြောင်းဆဲကာလအတွင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်နှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား ဆက်လက်တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

### စကားရပ်ပြောင်းလဲသတ်မှတ်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## စကားရပ်ပြောင်းလဲ သတ်မှတ်သည့်ဥပဒေ

### (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်ပြောင်းလဲသတ်မှတ်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အာဏာတည်ပြီးဖြစ်သည် ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော "ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့်သက်ဆိုင်သော "ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန" ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

## ကော်မတီအဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှ အဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုး (ခ) ဒေါ်မေစိုး (ဗိုလ်တထောင်မဲဆန္ဒနယ်) **အစား** ဒေါက်တာဒေါ်ပြုံး (အင်းတော်မဲဆန္ဒနယ်) အားလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီမှ အဖွဲ့ဝင် ဒေါ်ပြုံးကေသီနိုင် (ကလောမဲဆန္ဒနယ်) **အစား** ဦးဌေးဝင်းအောင် (ခ) ဦးပြုံးချို (ဒေါပုံမဲဆန္ဒနယ်) အားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ ဒေါ်ယဉ်မင်းလှိုင် (ဂန့်ဂေါမဲဆန္ဒနယ်) အား ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီတွင် အတွင်းရေးမှူးတာဝန်ပေးအပ်ပြီးဖြစ်၍ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်လိုက်သည်။

(ပုံ) တီခွန်မြတ်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## နဝမနေ့မှတ်တမ်း

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

## မြန်မာနိုင်ငံတွင် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း

**မေးခွန်း**

**ဥက္ကဋ္ဌ ။ ။ မြောက်ဥက္ကလာပ** မဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း (မြောက်ဥက္ကလာပမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်ကာလအတွင်းမှာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအထူးကုဆရာဝန်ကြီး အချို့ဟာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် နိုင်ငံခြားတိုင်းပြည်များသို့ သွားရောက်လုပ်ကိုင်နေထိုင် ခဲ့ကြရပါတယ်။ ဦးနှောက်ယိုစီးခြင်း (Brain Drain) ဖြစ်ခဲ့ရပြီး တိုင်းပြည်အတွက် နစ်နာခဲ့ရပါတယ်။ ထို့နောက်ပိုင်းမှာ ပြည်သူလူထုရွေးကောက်တင်မြှောက်တဲ့အစိုးရများ၊ လွှတ်တော်များပေါ်ပေါက်လာပြီး တိုင်းရင်းသားအထူးကု ဆရာဝန်ကြီးတချို့သည် နိုင်ငံတကာမှ နှစ်ပေါင်းများစွာ မိမိတို့ရရှိခဲ့သည့် တန်ဖိုးကြီးလှစွာသောအတွေ့အကြုံ ပညာရပ်များကို မျှဝေအသုံးချ၍ အမိမြန်မာနိုင်ငံရှိဆရာဝန်များနဲ့ ပြည်သူများအကျိုးငှာ အမိနိုင်ငံတွင် အမြဲ ပြန်လည်နေထိုင်ရန် ပြန်လည်ရောက်ရှိလုပ်ကိုင်ခဲ့ကြပါတယ်။ ၎င်းတို့ဟာ PR-Permanent Resident ခေါ် နိုင်ငံတွင်း အမြဲနေထိုင်ခွင့်လျှောက်ထားရရှိခဲ့ကြပြီးဖြစ်ပါတယ်။ ထိုင်း၊ စင်ကာပူ စသော အာဆီယံနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် ဩစတြေးလျ အစရှိသောနိုင်ငံများတွင် PR ရရှိပြီးသူများသည် ရွေးကောက်ပွဲများတွင် ဝင်ရောက်အရွေးခံခွင့်နှင့် မဲပေးပိုင်ခွင့်များမှလွဲ၍ ကျန်ရှိသောနိုင်ငံသားအခွင့်အရေးများ အပြည့်အဝ တစ်ပြေးညီရရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား ။ ယခုအခါ မြန်မာနိုင်ငံမှာ PR ရရှိပြီးဖြစ်သူ မူလမြန်မာနိုင်ငံဖွား အထူးကု ဆရာဝန်ကြီးများနှင့်ပတ်သက်၍ လိုင်စင်ကြေးအပြင် အခြားသတ်မှတ်ထားသော အခြားကြေးငွေများပေးသွင်း ရသည့်အပြင် ကုသခွင့်ရှိသောဆေးပညာအမျိုးအစား၊ နေရာ၊ ဒေသနှင့် အချိန်ကာလများကို သီးခြားသတ်မှတ်

ကန့်သတ်ချုပ်ချယ်မှုအမျိုးမျိုးရှိနေသဖြင့် နိုင်ငံပြည်သူများနှင့် ဆေးပညာရှင်ဆရာဝန်များအတွက် အကျိုးပြု ထမ်းဆောင်တန်ဖိုးမဖြတ်နိုင်သည့်အတွေ့အကြုံ ပညာရပ်များမျှဝေပေးလိုသော အထူးကုဆရာဝန်ကြီးများအတွက် အခက်အခဲများကြုံတွေ့နေရသည့်အပြင် နောက်ထပ်ပြည်တော်ပြန်ဝင်လိုကြသော မြန်မာပြည်ဖွားတိုင်းရင်းသား ဆရာဝန်ကြီးများအတွက်လည်း အဟန့်အတားဖြစ်နေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးချင်တဲ့ မေးခွန်းကတော့ Permanent Resident ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွားတိုင်းရင်းသားအထူးကုဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန်အစီအစဉ် ရှိ မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)** ။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရန်ကုန် တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၏မေးခွန်း ကိုဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်သင့်သလောက်တော့ မှန်ပါတယ် ခင်ဗျား။ အဲဒီတော့ မြန်မာနိုင်ငံမှာ P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့်ပတ်သက်ပြီး ကန့်သတ် ချုပ်ချယ်မှုများကို တခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ မရှိနှင့် ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကိုလာတာ နှစ်မျိုးရှိပါတယ်။ တစ်ခုကတော့ အခြားနိုင်ငံသားဖြစ်နေတဲ့ American Citizen၊ UK Citizen လာတဲ့ဆရာဝန်တွေ Group ရှိပါတယ်။ နောက်တစ်ခုကတော့ မြန်မာပြည်သား သို့မဟုတ် American Citizen ဖြစ်တဲ့သူတွေ လာပါတယ်။ သူတို့လာတဲ့အခါမှာတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှာရှိတဲ့လုပ်ငန်းတွေကို ကုသပြီးတော့ ခွဲစိတ်ပေးမယ်။ ကုသပေးမယ်။ သင်တန်းပေးမယ်ဆိုရင် ငွေကြေး အားဖြင့် လုံးဝမယူပါဘူး။ Free of Charge ပေးပါတယ်။ သို့သော် သူတို့လာတဲ့အခါမှာ ပုဂ္ဂလိကဆေးရုံထဲမှာ တစ်လလာမယ်။ နှစ်လလာမယ်။ သုံးလလာမယ်ဆိုရင်တော့ ပိုက်ဆံယူတာကို တွေ့ရပါတယ်။ နည်းနည်းပါးပါး ယူတာကတော့ အကြောင်းရှိပါတယ်။ လာတဲ့ဆရာဝန်တိုင်းအားလုံးကတော့ ဟိုမှာအရည်အချင်း ရှိလား မရှိလား ကျွန်တော်တို့မသိပါဘူး။ အရည်အချင်း ရှိ မရှိ Good Standing Certificate ကအစ အကုန်လုံးကြည့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဆေးကောင်စီဥပဒေမှာ အခန်း (၂)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (က) မှာဆိုလို့ရှိရင် အရည်အသွေးပြည့်ဝ၍ ထိရောက်မှုနှင့် လုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံအတွင်းမှီတင်းနေထိုင်သူ အားလုံးခံစားခွင့်ရရှိရန်၊ ဆရာဝန်များ၏ ဆေးပညာဗဟုသုတ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို အစဉ်တစိုက် ထိန်းသိမ်းမြှင့်တင်ရန်၊ ဆေးပညာကို ခေတ်နှင့်အညီ လေ့လာသင်ကြားနိုင်ရန် အစရှိသည်တို့ဖြစ်ပါတယ်။ ဒီပေါ်မှာမူတည်ပြီး ကျွန်တော်တို့က သူတို့ကိုစစ်ရပါတယ်။ သူတို့မှာအရည်အချင်းရှိလား။ Calibre quality ရှိလား။ Good Standing Certificate ဒါကိုကြည့်ရပါတယ်။ သို့သော် ကျွန်တော်ပြန်ကြည့်လိုက်တဲ့ အခါမှာတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း မှန်ပါတယ်။ ကျွန်တော်တို့က နိုင်ငံခြားသားဆရာဝန် ဆိုလို့ရှိရင် American Citizen၊ UK Citizen တို့လိုမျိုးဆိုလို့ရှိရင် တစ်လကိုခြောက်သိန်းယူပါတယ်။ ဒီကိစ္စကိုလည်း ကျွန်တော် ဆေးကောင်စီဥက္ကဋ္ဌနဲ့လည်း ဆွေးနွေးပြီးပါပြီ။ ဒါကို ကျွန်တော်တို့က လုံးဝလျှော့ပါမယ်။ ဘာကြောင့်လဲ။ ဆေးကောင်စီသည် ဝင်ငွေရှာတဲ့ ကောင်စီ မဟုတ်ပါဘူး။ ဆရာဝန်တွေရဲ့ စည်းကမ်း၊ ကျင့်ဝတ်နဲ့ အားလုံးကို ထိန်းသိမ်းတဲ့ကောင်စီဖြစ်တဲ့အတွက် ဝင်ငွေရှာစရာမလိုပါဘူး။ အဲဒီတော့ ဒီခြောက်သိန်းကိုလည်း ဒီမှာတော့ အတိအကျပြောလို့မရဘူး။ ကျွန်တော်တို့ အများကြီးလျှော့ဖို့စဉ်းစားထားပြီးပါပြီ။ ထို့အပြင် နိုင်ငံခြားသား အဖြစ်ခံယူထားသော မြန်မာပြည်ကိုပြန်လာတဲ့ အထူးကုဆရာဝန်တွေကို တစ်လကို သုံးသိန်းယူပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လျှော့ဖို့ဆွေးနွေးပြီးပါပြီ။ ဒါကိုလည်း အမြန်ဆုံးလျှော့တဲ့အပြင် အခုယူထားတာ ဘယ်လိုဖြစ်နေလဲ ဆိုတော့ လာတာနဲ့ သုံးလစာယူလိုက်တယ်။ ဆရာဝန်တစ်ဦးသည် နှစ်ပတ်နဲ့ပြန်သွားရင်လည်း သုံးလစာပေးလိုက် ရတယ်။ တစ်ရက်နဲ့လာပြီးပြန်သွားရင် သုံးလစာပေးလိုက်ရတယ်။ ဒါကတော့ တကယ့်တကယ်ကတော့ သိပ်ပြီးတော့ မကောင်းဘူး။ အဲဒီတော့ ဆိုလိုတာက ကျွန်တော်တို့က လချင်းယူမယ်။ တစ်လလာရင် တစ်လခယူမယ်။ အနည်းဆုံးတော့ တစ်လစာလောက်တော့ ယူမယ်။ အပတ်နဲ့တော့ မယူပါဘူး။ လနဲ့ပဲယူပါမယ်။ တစ်လစာဆိုရင် တစ်လပေးရမယ်။ နှစ်လလာရင်နှစ်လ၊ သုံးလလာရင်သုံးလ။ အဲဒီဟာကို ကျွန်တော်တို့ ဆွေးနွေးထားပါတယ်။ ဒါကို ကျွန်တော်တို့ အဖြစ်နိုင်ဆုံး လုပ်ဖို့ရှိပါတယ်။ ဒါမှမဟုတ်ရင် ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် ကျွန်တော့်ကိုလူကြီးကလည်း ပြောထားပါတယ်။ နိုင်ငံခြားမှာရောက်နေတဲ့ မြန်မာဆရာဝန် (Diaspora group of ဆရာဝန်) တွေကို လာအောင် ဆွဲဆောင်ပါ။ ပြုလုပ်ပါ။

လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းပါပဲ လာလို့ရှိရင် ကျွန်တော်တို့က နိုင်ငံခြားမှာဖြစ်ပေါ်နေတဲ့ ဒီနောက်ဆုံးပေါ် Technique တွေ၊ ကုသထုံးတွေ ကျွန်တော်တို့သိမယ်။ နောက် ကျွန်တော်တို့ သင်တန်းတက်နေတဲ့ ဆရာဝန်တွေ၊ ဆေးကျောင်းသားတွေကို သင်ပေးနိုင်မယ်။ Workshop တွေလုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက်က အများကြီးရှိပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ကမ္ဘာကြီးထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာကို ကျွန်တော်တို့ အားလုံးသိမှာ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့ကိုလာချင်အောင် ဆွဲဆောင်ဖို့တာဝန်ကတော့ ကျွန်တော်တို့တာဝန်ပဲ ဖြစ်ပါတယ်။ ဒါဟာ ဒီကိစ္စကိုတော့ အဖြစ်နိုင်ဆုံးလုပ်ဖို့ဆုံးဖြတ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် အမေရိကန်နိုင်ငံသွားတဲ့အခါမှာ နယူးယောက်၊ ဘယ်လ်တီမော၊ အယ်လ်အေမှာရှိတဲ့ ဆရာဝန်အဖွဲ့ သုံးဖွဲ့ရှိပါတယ်။ အကြီးကြီးတွေ။ အဲဒီအဖွဲ့သုံးဖွဲ့ကလည်း ဒါကိုပဲ Complaint လုပ်ပါတယ်။ ဒါကတော့ သိပ်များပါတယ်ဆရာတဲ့။ အဲဒါကို နည်းနည်း လျှော့ပေးပါ။ သုံးလလာရင်လည်း၊ တစ်လ၊ နှစ်ရက်၊ တစ်ပတ်လာလို့ရှိရင်လည်း သုံးလစာ ပေးရတယ်။ ဒီကိစ္စကတော့ တကယ့်တကယ်ကတော့ မယူသင့်ဘူးပေါ့လေ။ အဲဒီတော့ ကျွန်တော် အဲ့ဒါကို သေသေ ချာချာလုပ်ပေးမယ်ဖြစ်ကြောင်း လေးစားစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတဲ့ လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း အား ကျွန်တော်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်က မေးမြန်းတဲ့မေးခွန်းဟာ နိုင်ငံတော်အတွက် အကျိုးရှိစေတဲ့မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းနဲ့ ဖြေကြားချက်များဖြစ်တဲ့အတွက် နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းခြင်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ နိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

### ပညာရေးမြှင့်တင်မှုကော်မတီတွင် အဖွဲ့ဝင် အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်၏ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၇) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပညာရေးမြှင့်တင်မှုကော်မတီတွင် အဖွဲ့ဝင်အဖြစ် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ထိန်လင်း **အစား** ဗိုလ်မှူးချုပ် အောင်ဇော်ဦး အား အစားထိုး ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၉၅၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီး များအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည် -

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးသော်တာထွန်း<br>တ/၃၂၃၂ | မကွေး<br>မကွေးတိုင်းဒေသကြီး |

| **အမှတ်စဉ်** | **အမည်နှင့်ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့်မြို့နယ်တရားရုံး** |
|---|---|---|
| ၂။ | ဒေါ်ဖြိုးဖြိုးစံ<br>တ/၃၂၈၄ | ကျောက်တံခါး<br>ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဦးဂျေအောင်ဒီး<br>တ/၃၂၉၄ | မိတ္ထီလာ<br>မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဦးစိုးနိုင်ကျော်<br>တ/၃၃၀၃ | မိတ္ထီလာ<br>မန္တလေးတိုင်းဒေသကြီး |
| ၅။ | ဦးရဲကိုနိုင်<br>တ/၃၃၇၈ | တန့်ယန်း<br>ရှမ်းပြည်နယ် |
| ၆။ | ဒေါ်စန္ဒီခင်လင်း<br>တ/၃၃၇၉ | ကျောက်တံတား<br>ရန်ကုန်တိုင်းဒေသကြီး |
| ၇။ | ဦးအေးချမ်းကို<br>တ/၃၃၈၁ | ကွန်ဟိန်း<br>ရှမ်းပြည်နယ် |
| ၈။ | ဦးအာကာစိုး<br>တ/၃၄၀၈ | သံဖြူဇရပ်<br>မွန်ပြည်နယ် |
| ၉။ | ဦးကျော်ကိုကိုခန့်<br>တ/၃၄၇၉ | မိုင်းပန်<br>ရှမ်းပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၉၇၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

### ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄၁/၂၀၁၈) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခဲ့သော ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်စိုး **အစား** ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးမြင့်လေး ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၉၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဒေါ်ခင်မမ ကို မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၉၉/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကမ္ဘောဇတာဝါ၊ အမှတ် (၁၀/ဘီ) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)** ၏ မှတ်ပုံတင်အမှတ်သည် (၁၂၂) ဖြစ်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

**တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးခင်မောင်အေး ကို မကွေးတိုင်းဒေသကြီး

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၀၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးကျော်လင်း ကို ကချင်ပြည်နယ်၊ ရွှေကူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၀၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၈/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၁၇၃၄၀<br>ဗိုလ်မှူးချုပ် အောင်ကျော်ငြိမ်း | **အစား** | ကြည်း ၁၈၈၄၁<br>ဗိုလ်မှူးချုပ် တင့်ဆန်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

### တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၀/၂၀၁၇) နှင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၅/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၃၈၃၄၀<br>ဗိုလ်မှူး ပြည့်ဖြိုးဟန် | **အစား** | ကြည်း ၂၇၃၆၅<br>ဗိုလ်မှူး ကျော်စိုးသန့် |
| (၂) | ကြည်း ၃၄၀၄၂<br>ဗိုလ်မှူး အောင်ကိုမင်း | **အစား** | ကြည်း ၃၂၄၃၂<br>ဗိုလ်မှူး ပြည်ထွန်း |
| (၃) | ကြည်း ၁၇၅၁၇<br>ဗိုလ်မှူးကြီး ထိန်လင်း | **အစား** | ကြည်း ၂၀၃၆၈<br>ဗိုလ်မှူးကြီး သန်းနိုင်ဝင်း |
| (၄) | ကြည်း ၂၆၇၇၁<br>ဗိုလ်မှူးကြီး စိုးရွှေ | **အစား** | ကြည်း ၂၀၂၀၃<br>ဗိုလ်မှူးချုပ် အောင်ဇော်ဦး |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၄/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၈/၂၀၁၆)၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ

ကော်မရှင်၏ကြေညာချက်အမှတ် (၂၆/၂၀၁၇) နှင့် ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

(၁) ကြည်း ၃၀၆၆၈ ဗိုလ်မှူး လှထွန်း　**အစား**　ကြည်း ၃၆၄၆၁ ဗိုလ်မှူး ထက်နိုင်ဦး

**မွန်ပြည်နယ်လွှတ်တော်**

(၂) ကြည်း ၂၁၃၈၄ ဗိုလ်မှူး စိုးသူရ　**အစား**　ကြည်း ၃၃၅၂၃ ဗိုလ်မှူး လှိုင်အောင်မင်း

**ရခိုင်ပြည်နယ်လွှတ်တော်**

(၃) ကြည်း ၃၈၇၈၃ ဗိုလ်မှူး သက်ဦးမောင်　**အစား**　ကြည်း ၃၂၄၁၈ ဗိုလ်မှူး ကိုကိုဦး

(၄) ကြည်း ၄၀၁၇၂ ဗိုလ်မှူး ရဲနောင်ဦး　**အစား**　ကြည်း ၃၀၈၀၄ ဗိုလ်မှူး အောင်မျိုးဇော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

(၅) ကြည်း ၃၄၆၅၁ ဗိုလ်မှူး နေလင်းအောင်　**အစား**　ကြည်း ၄၂၉၃၇ ဗိုလ်မှူး ကုဋ္ဌေဖြိုးအောင်

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

(၆) ကြည်း ၄၈၃၇၃ ဗိုလ်ကြီး ဇင်လင်း　**အစား**　ကြည်း ၆၀၁၅၉ ဗိုလ်ကြီး ဇော်လင်းထွန်း

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးအောင်သူ ကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၂) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၆/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးတင်မောင်နိုင် ကို ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၃) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးသက်တင် ကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၅) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၂၀၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဦးကျော်ငွေထွန်း ကို ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် (၄) အဖြစ် စတင်တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၂၀၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

**တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်ခြင်း**

၁။ ဒဂုံမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင် သည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။

၂။ အဆိုပါ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်သည် ယခုအခါတွင် ယင်းပါတီ၏ပါတီဝင်မဟုတ်တော့ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်စွဲပါ စာဖြင့် အကြောင်းကြားတင်ပြချက်အရလည်းကောင်း၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၃၄/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဆ)၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၇၂ (ခ) တို့နှင့်အညီ ဒေါက်တာသက်သက်ခိုင် ကို တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅) ရပ်ကွက်၊ နယ်မြေ (၁၃)၊ ကွင်းအမှတ် (ဘုံကျောင်းအနောက်)၊ ဦးပိုင်အမှတ် (ယ-၇၈) ရှိ မြေ (၀. ၁၁၅) ဧကနှင့် အဆောက်အအုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အဌမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅) ရပ်ကွက်၊ နယ်မြေ (၁၃)၊ ကွင်းအမှတ် (ဘုံကျောင်းအနောက်)၊ ဦးပိုင်အမှတ် (ယ-၇၈) ရှိ မြေ (၀. ၁၁၅) ဧကနှင့် အဆောက်အအုံကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၆၆. ၁ သန်းဖြင့် ဦးမျိုးလွင် + ဦးရန်သင်ဖူး တို့ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးမျိုးလွင် + ဦးရန်သင်ဖူး တို့သည် အဆိုပါ မြေနှင့် အဆောက်အအုံတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၁၉. ၈၃ သန်းကို ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၄၆. ၂၇ သန်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဦးမျိုးလွင် + ဦးရန်သင်ဖူး တို့သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်း မှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဦးမျိုးလွင် + ဦးရန်သင်ဖူး တို့အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်း ရရှိမည်ဖြစ်ပါသည်။

၄။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅) ရပ်ကွက်၊ နယ်မြေ (၁၃)၊ ကွင်းအမှတ် (ဘုံကျောင်းအနောက်)၊ ဦးပိုင်အမှတ် (ဃ-၇၈) ရှိ မြေ (၀. ၁၁၅) ဧကနှင့် အဆောက်အအုံကို ဝယ်ယူသူ ဦးမျိုးလွင် + ဦးရန်သင်ဖူး တို့၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို လားရှိုးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက် နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက် ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

**ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅) ရပ်ကွက်၊ နယ်မြေ (၁၄)၊ လမ်း (၄၀)၊ ဦးပိုင်အမှတ် (၁၁၆၇)၊ အကွက်အမှတ် ငါးပါးသီလရှင် စာသင်တိုက်ကျောင်းကွက်ရှိ မြေ (၀. ၀၆၈) ဧကနှင့် အဆောက်အအုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ အဋ္ဌမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅) ရပ်ကွက်၊ နယ်မြေ (၁၄)၊ လမ်း (၄၀)၊ ဦးပိုင်အမှတ် (၁၁၆၇)၊ အကွက်အမှတ် ငါးပါးသီလရှင်စာသင်တိုက်ကျောင်းကွက်ရှိ မြေ (၀. ၀၆၈) ဧကနှင့် အဆောက်အအုံကို အမြင့်ဆုံးအဆိုပြုဈေးနှုန်း ကျပ် ၇၁. ၁ သန်းဖြင့် ဦးဝင်းကျော် ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဦးဝင်းကျော် သည် အဆိုပါ မြေနှင့် အဆောက်အအုံဝယ်ယူခွင့်ကို ဦးရန်သင်ဖူးကိုယ်စား တင်သွင်းခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပိုင်ဆိုင်မည့်သူသည် ဦးရန်သင်ဖူးဖြစ်ပါကြောင်း ကော်မရှင်မှ တာဝန်ပေးခဲ့သည့်ပုဂ္ဂိုလ် (၃) ဦး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

၃။ ဦးရန်သင်ဖူး သည် အဆိုပါ မြေနှင့် အဆောက်အအုံတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၂၁. ၃၃ သန်းကို ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၄၉. ၇၇ သန်းကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနက ဦးရန်သင်ဖူး သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်း မှတ်ပုံတင်၍ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။

၄။ ဦးရန်သင်ဖူး အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၅။ ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ (၅) ရပ်ကွက်၊ နယ်မြေ (၁၄)၊ လမ်း (၄၀)၊ ဦးပိုင်အမှတ် (၁၁၆၇)၊ အကွက်အမှတ် ငါးပါးသီလရှင်စာသင်တိုက်ကျောင်းကွက်ရှိ မြေ (၀. ၀၆၈) ဧကနှင့် အဆောက်အအုံကို ဝယ်ယူသူ ဦးရန်သင်ဖူး ၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို လားရှိုးမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၆။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူခြင်းအား နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) တွင်ပါရှိသော တင်ဒါလုပ်ငန်းစဉ်ပါအတိုင်း တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျဝယ်ယူဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပ ပြုလုပ်သော ကော်မရှင်အစည်းအဝေးအမှတ်စဉ် (၆၉/၂၀၁၉) ပါ အစည်းအဝေးဆုံးဖြတ်ချက်အရ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီနှင့် အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** တို့အား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည် -

**(က) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဦးထွန်းထွန်းဝင်း<br>ညွှန်ကြားရေးမှူး<br>အသိပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန<br>တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်စိုး<br>ညွှန်ကြားရေးမှူး<br>ဦးစီးရုံး<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒေါ်ရီရီသန့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၄) | ဦးဖိုလ်ဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးလင်းလင်းထွန်း<br>ဦးစီးအရာရှိ<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးလွင်မိုး<br>ဦးစီးအရာရှိ<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးအေးမင်းသောင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>မူဝါဒနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာန<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

**(ခ) လုပ်ငန်းတာဝန်။** တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) တင်ဒါအဆိုပြုလွှာများ လက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများ စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့ တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း၊

(၄) အစီရင်ခံစာတွင် တင်ဒါမအောင်မြင်သူများနှင့် မရွေးချယ်ရသည့် ရှင်းလင်းချက်များကို ဖော်ပြရမည်ဖြစ်ခြင်း၊

(၅) တင်ဒါရွေးချယ်မှုအား တင်ဒါကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးပါက တင်ဒါအောင်မြင်သူကို ထုတ်ပြန်ကြေညာပြီး စာချုပ် ချုပ်ဆိုရေး ဆောင်ရွက်ရမည်ဖြစ်ခြင်း၊

(၆) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိ နှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ တို့ကို ထည့်သွင်းစဉ်းစားစိစစ်ခြင်း၊

(၇) အဆိုပြုတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း၊

(၈) ပစ္စည်းအမျိုးအစားအလိုက် လက်ခံရရှိထားသည့် တင်ဒါအဆိုပြုလွှာပါ ဈေးနှုန်းအနည်း အများအလိုက် မှတ်တမ်းပြုစုထားခြင်း၊

(၉) တင်သွင်းရန် အဆိုပြုသည့် ပစ္စည်းအမျိုးအစားများနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း၊

(၁၀) တင်ဒါအောင်မြင်သူနှင့် ချုပ်ဆိုမည့်စာချုပ်တွင် အောက်ပါအချက်များ ပါဝင်စေရမည် -

(ကက) စာချုပ် ချုပ်ဆိုသည့် နှစ်ဖက်အဖွဲ့အစည်းများ၏ အချက်အလက်များ၊

(ခခ) ပေးသွင်းရမည့်ပစ္စည်းနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအတွက် သတ်မှတ်ဖော်ပြချက်များ၊ အရေအတွက်နှင့် လုပ်ငန်းပမာဏ၊

(ဂဂ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပေးသွင်းရမည့် နေရာနှင့်အချိန်၊

(ဃဃ) စာချုပ်တန်ဖိုးနှင့် ပေးဆောင်ရမည့်အခွန်၊

(ငင) ပေးချေမည့်ငွေအမျိုးအစား (ကျပ်ငွေ သို့မဟုတ် သတ်မှတ်နိုင်ငံခြားငွေ)၊

(စစ) ငွေပေးချေမည့်ကာလနှင့် အစီအစဉ်၊

(ဆဆ) စာချုပ်ပါ အခြားအချက်/အခြေအနေများ၊

(ဇဇ) ဝန်ဆောင်မှုနှင့် အာမခံကာလ၊

(ဈဈ) လုပ်ငန်းအာမခံကြေးပြန်လည်ထုတ်ပေးမည့်အစီအစဉ်၊

(ညည) မလွန်ဆန်နိုင်သောဖြစ်ရပ်များ (Force Majeure) အတွက် ဆောင်ရွက်မည့် အစီအစဉ်။

**(ဂ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဒေါ်အေးမြတ်မွန်<br>ညွှန်ကြားရေးမှူး<br>တားဆီးကာကွယ်ရေးဌာန<br>တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မွန်မွန်အောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးစိုးဇော်လတ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>မူဝါဒနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဒေါ်နန်းချောစိန်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

**(ဃ) လုပ်ငန်းတာဝန်။** ကြမ်းခင်းဈေးကွက် တွက်ချက်ရေးကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရပါမည် -

(၁) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီသည် ဝယ်ယူမည့်ပစ္စည်းများ၏ အနိမ့်ဆုံးဈေးနှုန်းကို လေ့လာစုံစမ်း၍ တင်ဒါကော်မတီသို့ တင်ပြရမည်၊

(၂) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများ စုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့် ကိုက်ညီမည့် ကြမ်းခင်းဈေးသတ်မှတ်ခြင်း၊

(၃) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်း၊

(၄) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးအပေါ် မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြခြင်း၊

(၅) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

**(င) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (၁) | ဦးလွင်အောင်<br>ညွှန်ကြားရေးမှူး<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒေါ်မြမြစန်း<br>ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးလင်းဝေအောင်<br>ညွှန်ကြားရေးမှူး<br>နိုင်ငံတကာရေးရာဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးကျော်ကျော်နိုင်<br>ညွှန်ကြားရေးမှူး<br>သတင်း၊ တိုင်ကြားစာနှင့် စုံစမ်းစစ်ဆေးရေးဌာန<br>တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစိုးမိုးထွဋ်<br>ဒုတိယဦးစီးမှူး<br>နိုင်ငံတကာရေးရာဌာန<br>စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးလှိုင်ဘုန်းမြင့်<br>ဒုတိယညွှန်ကြားရေးမှူး<br>အုပ်ချုပ်မှုဌာန<br>စီမံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

**(စ) လုပ်ငန်းတာဝန်။** အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီသည် အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန်ဖြစ်သည် -

(၁) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(၂) ပစ္စည်းဝယ်ယူခြင်းစာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(၃) ပေးပို့လာသည့်ပစ္စည်းများကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးရမည်ဖြစ်ခြင်း၊

(၅) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(၆) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလအနည်းအများအပေါ် အခြေခံ၍ စိစစ်ခြင်း၊

(၇) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း။

၂။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေး စစ်ဆေးရေးနှင့် လက်ခံရေးကော်မတီတို့သည် သတ်မှတ်ထားရှိသော လုပ်ငန်းတာဝန်များသာမက တင်ဒါဆိုင်ရာ

လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တွင်ပါရှိသည့် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြပြီး ဝယ်ယူသည့်ပစ္စည်းများအရေအတွက်နှင့် သတ်မှတ်စံချိန်စံညွှန်းများ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေအား တင်ဒါကော်မတီထံ တင်ပြကြရန်ဖြစ်ပါသည်။

အောင်ကြည်
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဥပဒေဘာသာပြန်ကော်မရှင်**

**အမိန့်အမှတ် (၁၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ ဥပဒေဘာသာပြန်ကော်မရှင်က အတည်ပြုသည့် အောက်ပါအင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေများ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာလိုက်သည် -

(က) The Interest Act

(ခ) The Married Women's Property Act

(ဂ) The Hindu Widows' Re-Marriage Act

(ဃ) The Legal Practitioners Act

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်။

ထွန်းထွန်းဦး
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၂၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲဦးစီးဌာနကြီး၊ မှုခင်းဌာန၊ ဥပဒေနှင့် သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ရဲ ၂၁၁၃ ဒုတိယရဲမှူးကြီး ကျော်လင်း အား ရဲမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယာယီတိုးမြှင့်ခန့်ထားပြီး ကချင်ပြည်နယ်ရဲတပ်ဖွဲ့သို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၂၄/၂၀၁၉)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၉ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့် ပြုခဲ့သည့် အမှတ် (၄၃၇) ခြေမြန်တပ်ရင်းမှ ကြည်း ၅၉၉၆၆ ဗိုလ်ကြီး ဝေဇင်ထွန်း အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနတွင် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၂၅/၂၀၁၉)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၈) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၁၉၀၇ ယာယီ ရဲမှူးကြီး ဝင်းကျော်နိုင် အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးကြီး) တွင် အတည်ပြုခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာ (၃၉၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အသုံးပြုရန် မရှိသဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အုပ္ပံ့ရေကျော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၄၁၆-B/ဦးတိုကွင်း)၊ မြေအမျိုးအစား-လယ်မြေ၊ ဦးပိုင်အမှတ် (၃၀/၂)၊ **မြေဧရိယာ ၁. ၄၇ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၄၀၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၄၇ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၃၉၇/၂၀၁၉)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ (၀. ၇၁) ဧကနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ (၀. ၃၃၄) ဧကအား လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (JE/ဆေးရုံရပ်ကွင်း)၊ မြေအမျိုးအစား A၊ ဦးပိုင်အမှတ် (၆၃) ရှိ **စုစုပေါင်းမြေဧရိယာ ၁. ၀၄၄ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ

သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၄၅၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၄၄ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၉၈/၂၀၁၉)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပညာရေးဝန်ကြီးဌာန၊ အလယ်တန်းကျောင်းမြေနေရာအဖြစ် အသုံးပြုနိုင်ရန် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကျီးမနိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၈၀၅/စိမ့်ကြီးကွင်း)၊ မြေအမျိုးအစား-လ/န-၃၉ ရရှိပြီးမြေ၊ ဦးပိုင်အမှတ် (၂) ရှိ **မြေဧရိယာ ၁. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၈၈/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၃၉၉/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ အုပ်ပွဲရေကျော် ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၄၃၆-ခ/ဦးတိုကွင်း)၊ မြေအမျိုးအစား-မြေရိုင်း၊ ဦးပိုင်အမှတ် မြေကွက်အမှတ် (-)/(၅၆၊ ၇၇၈၊ ၇၈၁) ရှိ **မြေဧရိယာ ၀. ၉၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှု အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၇၀၆/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၉၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၀၀/၂၀၁၉)

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကျီးမနိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (OSS/ကြေးတိုင်ပြင်ကွင်း)၊ မြေအမျိုးအစား-လ/န-၃၉ ရရှိပြီးမြေ၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ၀. ၆၈ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၆၈၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ကွန်းချောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၆၈ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၀၁/၂၀၁၉)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအတွက် ဝန်ထမ်းအိမ်ရာနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတည်ဆောက်ရန် ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂၂/အုတ်ကျင်းရပ်ကွင်း)၊ မြေအမျိုးအစား-ဆည်မြောင်းတာတမံမြေ၊ ဦးပိုင်အမှတ်-(၄၉) ရှိ **မြေဧရိယာ ၀. ၄၄၁ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်စွဲပါ စာအမှတ်၊ ၇၉၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၄၄၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၀၂/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက မူလပိုင်ရှင်သို့ ပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ သုံးပင်ကွင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်-၃၆/သုံးပင်ကွင်းရပ်ကွင်း၊ မြေအမျိုးအစား - စက်ရုံမြေ၊ ဦးပိုင်အမှတ် - ၈ ^မမ^ ရှိ **မြေဧရိယာ ၀. ၃၂၅ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၀၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၃၂၅ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၀၃/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက မူလပိုင်ရှင်သို့ ပေးအပ်ရန် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ရှားခဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၅၇၃/နဲမနိတ်ကွင်း၊ မြေအမျိုးအစား - စက်ရုံမြေ၊ ဦးပိုင် အမှတ် - ၉၆ ^ခ^ ရှိ **မြေဧရိယာ ၀. ၂၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၄၁၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၂၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၀၄/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်း(၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (C/ပြန့်လွင့်ရပ်ကွက်ကွင်း)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ်/ မြေကွက်အမှတ် (၁၄)/(၁၂) ရှိ **မြေဧရိယာ ၀. ၀၆၆ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၇၁၂/၁-ကော်မတီ/မြေ (ဗဟို)/ ၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၆၆ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာ (၄၀၅/၂၀၁၉)

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပိုလျှံသဖြင့် ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ်၊ ရိခေါဒါရ်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ကွင်းအမှတ်/အမည်-အမှတ် (၂) ကွင်း၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၂၆၄) ရှိ **မြေဧရိယာ ၀. ၀၁၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟို ကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ စာအမှတ်၊ ၇၃၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၉ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၁၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၀၆/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ဝါးချက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၇၇၆/ဝါးချက်တောင်)၊ ဦးပိုင်အမှတ် (-)၊ မြေကွက်အမှတ် (F-၁၄၀/၄၅၄) ရှိ **စန်းစန်းချောင်ကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ **၁. ၃၀ ဧက** အနက်မှ **၀. ၀၂ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန် နည်းဥပဒေ ၅၃ (က) နှင့်အညီ ဒေါ်အေးစံ [၁/မကတ (နိုင်) ၀၄၅၃၅၁]၊ မာကလာခြံရပ်ကွက်၊ မန္တလေးမြို့အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၆၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၃/၆-၃၀၅/ ဦး ၅ (၁၂၃၈) ပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉ - မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ ကယားပြည်နယ်၊ လွိုင်ကော် ခရိုင်၊ ရှားတောမြို့နယ်အတွင်းရှိ အောင်ချမ်းသာရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်နှင့် တောင်ပိုင်းရပ်ကွက်တို့အား မြေဌာနဂရန် ပြုလုပ်ပေးနိုင်ရေးအတွက် ကွက်စိပ်၊ ကွက်ကျဲ မြေတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၁၈၈၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ ရှားတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ် အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ရှားတော မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ် ကြပ်မတ်ရေး အရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၈၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

**မြေသြဇာကော်မတီ ဖွဲ့စည်းခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေသြဇာဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြေသြဇာကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် (လယ်ယာကဏ္ဍ) — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ရဲချုပ် — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သမဝါယမဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု
လုပ်ငန်းရှင်များအသင်းချုပ်

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး၊ မြေအသုံးချရေးဌာနခွဲ အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ပ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အထက်ဖော်ပြပါ ဖွဲ့စည်းလိုက်သည့် "မြေသြဇာကော်မတီ" အနေဖြင့် မြေသြဇာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၉၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

## ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ မန္တလေးမြို့မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဌေးဦး အား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်နေ့အထိ ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉၁/၂၀၁၉)**

**ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်မြို့မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းဆွေ အား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်နေ့အထိ ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၄ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၄၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဌာန/အဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းတို့မှ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ်၊ (၁/၂၀၁၇) တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း ကြီးကြပ်ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန **တင်ဒါကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

**တင်ဒါကော်မတီ (ပို့ဆောင်ရေး)**

(က) ဦးဝင်းခန့် ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
(ဝန်ကြီးရုံး)

(ခ) ဒုတိယအမြဲတမ်းအတွင်းဝန် (ပို့ဆောင်ရေး) အဖွဲ့ဝင်

(ဂ) လက်ထောက်အတွင်းဝန် အဖွဲ့ဝင်
(အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ)

| | | |
|---|---|---|
| (ဃ) | ဒေါ်တင်ဌေးဝင်း<br>လက်ထောက်အတွင်းဝန်<br>(ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ) | အဖွဲ့ဝင် |
| (င) | သက်ဆိုင်ရာဌာန ညွှန်ကြားရေးမှူးချုပ်/<br>ဦးဆောင်ညွှန်ကြားရေးမှူး/ကျောင်းအုပ်ကြီး | အတွင်းရေးမှူး |

**တင်ဒါကော်မတီ (ရထားပို့ဆောင်ရေး)**

| | | |
|---|---|---|
| (က) | ဦးဝင်းခန့်<br>အမြဲတမ်းအတွင်းဝန်<br>(ဝန်ကြီးရုံး) | ဥက္ကဋ္ဌ |
| (ခ) | သူရဦးအောင်မျိုးမြင့်<br>ဒုတိယအမြဲတမ်းအတွင်းဝန် (ရထား) | အဖွဲ့ဝင် |
| (ဂ) | လက်ထောက်အတွင်းဝန်<br>(အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ) | အဖွဲ့ဝင် |
| (ဃ) | ဒေါ်စန္ဒာသိန်း<br>လက်ထောက်အတွင်းဝန်<br>(ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ) | အဖွဲ့ဝင် |
| (င) | သက်ဆိုင်ရာဌာန ညွှန်ကြားရေးမှူးချုပ်/<br>ဦးဆောင်ညွှန်ကြားရေးမှူး/ကျောင်းအုပ်ကြီး | အတွင်းရေးမှူး |

**တင်ဒါကော်မတီ (ဆက်သွယ်ရေး)**

| | | |
|---|---|---|
| (က) | ဦးစိုးသိန်း<br>အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး (ဆက်သွယ်ရေး) | ဥက္ကဋ္ဌ |
| (ခ) | ဦးမိုးကျော်စိုး<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး (ဆက်သွယ်ရေး) | အဖွဲ့ဝင် |
| (ဂ) | ဦးစန်းလွင်<br>လက်ထောက်အတွင်းဝန်<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး (ဆက်သွယ်ရေး) | အဖွဲ့ဝင် |
| (ဃ) | ဦးတိုးနိုင်ဌေး<br>လက်ထောက်အတွင်းဝန်<br>ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး (ဆက်သွယ်ရေး) | အဖွဲ့ဝင် |
| (င) | သက်ဆိုင်ရာဌာန<br>ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၇) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

၁။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအခန်း (၃)၊ ပုဒ်မ ၅ (ခ) နှင့်အညီ လူမှုဖူလုံရေးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီအား ၂၀၁၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးအလုပ်အမှုဆောင်ကော်မတီ၏ (၁/၂၀၁၉) အစည်းအဝေးမှ သဘောတူခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် အသစ်ပြန်လည်ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးနေမျိုးသန့်<br>အစိုးရလုပ်ငန်းများမှ အလုပ်သမားကိုယ်စားလှယ်<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါ်ဖြိုးစန္ဒာစိုး<br>အလုပ်သမားအဖွဲ့အစည်းများမှ အလုပ်သမားကိုယ်စားလှယ်<br>မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM) | အဖွဲ့ဝင် |
| (ဆ) | ဦးသက်နှင်းအောင်<br>အလုပ်သမားအဖွဲ့အစည်းများမှ အလုပ်သမားကိုယ်စားလှယ်<br>မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ<br>အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) | အဖွဲ့ဝင် |
| (ဇ) | ဦးမြင့်အောင်<br>အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်<br>မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းနိုင်<br>အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်<br>မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ည) | ဦးအောင်ကျော်စိုး<br>အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်<br>မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း<br>မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဖူလုံရေးအဖွဲ့<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လူမှုဖူလုံရေးအဖွဲ့က ဥပဒေနှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ဥပဒေနှင့် ဤနည်းဥပဒေများအရ အကျိုးခံစားခွင့်ပေးရာတွင် လိုက်နာရမည့်စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးလုပ်ငန်းများ စီစဉ်ပေးခြင်း၊

(ဃ) အလုပ်တွင် ဒဏ်ရာရရှိပြီး မသန်စွမ်းဖြစ်သွားသူများအား ပြန်လည်သန်စွမ်းမှု လေ့ကျင့်ရေး၊ သင့်လျော်သည့်အလုပ် ပြောင်းလဲလုပ်ကိုင်နိုင်ရေးအတွက် အဆိုပါ အလုပ်နှင့်သက်ဆိုင်သည့် အတတ်ပညာများသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) လူမှုဖူလုံရေးအဖွဲ့အတွက် လိုအပ်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လူမှုဖူလုံရေးအဖွဲ့၏ ညွှန်ကြားချက်အရ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် အသုံးမလိုသောပစ္စည်းများကို ထုခွဲရောင်းချခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့အား လမ်းညွှန်ခြင်း၊

(စ) ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုပြီးသော ရန်ပုံငွေ သတ်မှတ်ချက် အတွင်း အသုံးစရိတ်များကို လမ်းညွှန်ခြင်း၊ ခွဲဝေလျာထားခြင်း၊ စိစစ်အတည်ပြုခြင်း၊

(ဆ) နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းများနှင့်သော်လည်းကောင်း၊ ပုဂ္ဂလိကပိုင်ဆေးရုံ၊ ဆေးခန်းများနှင့် သော်လည်းကောင်း၊ မိမိ၏အလုပ်သမားများအတွက် ဆေးကုသရေးအစီအစဉ်များ စီမံထားရှိသော အလုပ်ရှင်များနှင့်သော်လည်းကောင်း သဘောတူစာချုပ်များ ချုပ်ဆိုရန်ခွင့်ပြုခြင်း၊

(ဇ) အလုပ်တွင် ဒဏ်ရာရသူများအတွက် အလုပ်နှင့်ဆိုင်သော အတတ်ပညာသင်ကြားပေးရေး၊ ပြန်လည်လေ့ကျင့်ရေးလုပ်ငန်းစဉ်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရန် ပညာပေးရေးလုပ်ငန်း များကို စီစဉ်ခြင်း၊

(ဈ) လူမှုဖူလုံရေးအဖွဲ့က တာဝန်ပေးသော အခြားကိစ္စအရပ်ရပ်ကို ဆောင်ရွက်ခြင်း၊

(ည) အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့သို့ တင်ပြအစီရင်ခံခြင်း။

၃။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်စွဲပါ စာအမှတ်၊ ၄၄-အလ/ခွဲ (၁) ၂၀၁၅ (၆၅၁၅) ဖြင့် ဖွဲ့စည်းထားသည့် အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၅) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် တာဝန် ထမ်းဆောင်နေသည့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ကာလ (၄) လဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ ဧပြီလ ၁၁ ရက်နေ့အထိကာလကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း (၈)၊ နည်းဥပဒေ (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌများနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် တာဝန်ပေးအပ်ခြင်း**

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၅ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင် အဖွဲ့ဝင်များ အနက်မှ ဒုတိယဥက္ကဋ္ဌများနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ် အောက်ပါအတိုင်း တာဝန်ပေးအပ်လိုက်သည် -

(၁) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၁)
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ (၂)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၃) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး (၁)
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး (၂)
စားသုံးသူရေးရာဌာနခွဲ
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

၂၀၂၀ ပြည့်နှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ခြင်းကို မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## ၂၀၂၀ ပြည့်နှစ်အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်သည့်အမိန့်ကြော်ငြာစာ

၁။ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ ၂၀၂၀ ပြည့်နှစ် အတွက် ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ်အား အောက်ဖော်ပြပါအတိုင်း သတ်မှတ်လိုက်သည် -

(က) **ယာဉ်အို/ယာဉ်ဟောင်းအစီအစဉ် (Consignment စနစ်အပါအဝင်)**

(၁) လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များအပါအဝင်) - ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၂) ကုန်တင်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၃) ခရီးသည်တင်ယာဉ်များ (Mini Bus/City Bus/Express Bus) - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အတွင်း (ဘယ်မောင်း)

(ခ) **လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်**

(၁) လူစီးမော်တော်ယာဉ်များ (၁၃၅၀ စီစီနှင့်အောက် လူစီးယာဉ်များအပါအဝင်) - ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၂) ကုန်တင်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၃) ခရီးသည်တင်ယာဉ်များ (Mini Bus/City Bus/Express Bus) - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အတွင်း (ဘယ်မောင်း)

(ဂ) **ပုံမှန်လိုင်စင်ဖြင့် မော်တော်ယာဉ်လျှောက်ထားမှု (FOC စနစ်ဖြင့် ပြည်ပမှ လှူဒါန်းသည့် မော်တော်ယာဉ်ပါမစ်လျှောက်ထားမှုအပါအဝင်)**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၃) ယန္တရားများ - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း

(၄) မီးသတ်ယာဉ် - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၅) လူနာတင်ယာဉ် - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၆) နိဗ္ဗာန်ယာဉ် - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၇) သာသနာရေးဆိုင်ရာယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၈) ခရီးသည်တင်ယာဉ်များ (Mini Bus/City Bus/Express Bus) - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(ဃ) **အစိုးရဌာနများမှ မော်တော်ယာဉ်လျှောက်ထားမှု**

(၁) လူစီးမော်တော်ယာဉ်များ - ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၂) လုပ်ငန်းသုံးယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)

(၃) ယန္တရားများ - ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း

(၄) ခရီးသည်တင်ယာဉ်များ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း (ဘယ်မောင်း)
(Mini Bus/City Bus/Express Bus)

**မှတ်ချက်။** (က) နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များ လျှောက်ထားရာတွင် ၂၀၀၆ ခုနှစ်မော်ဒယ်အထိသာ လက်ခံဆောင်ရွက်ပေးပါမည်။ နိုင်ငံတော်အတွက် လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် လူနာတင်ယာဉ်များအတွက် လက်ဝဲစတီယာရင်အပြင် လက်ယာစတီယာရင်များပါ တင်သွင်းခွင့်ပြုမည်။

(ခ) အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့် Excavator, Bulldozer, Wheel Loader, Vibratory Roller, Clamp Loader, Motor Grader, Road Roller Compactor, Bridge Crane, Gantry Crane, Tower Crane, Pilling Machine, Crawler Drill/Crane, Overhead Travelling Crane, Mobile Crane, Rough-Terrain Crane, Forklift, Boom Lift, Asphalt Finisher (ကတ္တရာခင်းစက်) စသည့် လုပ်ငန်းသုံးယန္တရားများအား လွန်ခဲ့သော (၁၅) နှစ်အတွင်း ထုတ်လုပ်သည့်ယာဉ်များအဖြစ် တင်သွင်းခွင့်ပြုပါမည်။

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ဝယ်ယူခြင်းအတွက် အထက်အပိုဒ် (၁)၊ (က) နှင့် (ခ) ပါ သတ်မှတ်ချက်အတိုင်း အရောင်းစင်တာ/အရောင်းပြခန်းမှ ဝယ်ယူခွင့်ပြုပါမည်။

ဒေါက်တာသန်းမြင့်
ဥက္ကဋ္ဌ
မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအေးလွင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှစတင်၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ခံစားခွင့်ပြုလိုက်သည်။

အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး ဦးအေးလွင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမောင်မောင်စိုး အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှစတင်၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)

၁။ ကွမ်းလုံတံတားသစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် စီမံကိန်းကြီးကြပ်မှုကော်မတီအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(က) ဦးရွှေလေး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန

(ခ) ဦးခင်မောင်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
တံတားဦးစီးဌာန

(ဂ) ဦးသောင်းမြင့်ထွန်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
လမ်းဦးစီးဌာန

(ဃ) ဒေါ်ထွေးငယ်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(င) ဦးကျော်ကျော်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

(စ) ဒေါ်မေဇော်မောင်မောင် — အဖွဲ့ဝင်
ဌာနစုမှူး (၁)၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဆ) ဦးဗညားဦး — အဖွဲ့ဝင်
ရဲမှူးကြီး၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဦးမြင့်ဇော် — အဖွဲ့ဝင်
ဗိုလ်မှူးကြီး၊ စစ်ဗျူဟာအဖွဲ့ (ကွမ်းလုံ)
ကာကွယ်ရေးဝန်ကြီးဌာန

(စျ) ဦးချမ်းမြေ့ထွန်း — အဖွဲ့ဝင်
ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ည) ဦးမင်းမင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ဦးသန့်ဇင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) ဦးထင်ကျော် — အဖွဲ့ဝင်
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဍ) ဒေါ်အေးအေးသိန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဎ) ဦးတင်လတ် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ဦးကို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(တ) ဦးအောင်ချို — အဖွဲ့ဝင်
အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ထ) ဦးသိန်းအောင် — အတွင်းရေးမှူး
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

၂။ ကွမ်းလုံတံတားသစ် စီမံကိန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ကွမ်းလုံတံတားတည်ဆောက်ရေးလုပ်ငန်းအား နှစ်နိုင်ငံအစီအစဉ်ဖြင့် တည်ဆောက်ရာတွင် ချုပ်ဆိုသည့်စာချုပ်အရ တံတားဆိုင်ရာကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်။ တံတားတည်ဆောက်ရန်အတွက် လိုအပ်သော မြေယာများ လျော်ကြေးပေးခြင်း လုပ်ငန်း၊ ပြန်လည်နေရာချထားပေးခြင်းလုပ်ငန်းများအား သက်ဆိုင်ရာ အာဏာပိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုဆိုင်ရာ (EIA/ SIA) ကိစ္စရပ်များ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

( ခ ) ကွမ်းလုံတံတား တည်ဆောက်စဉ်ကာလအတွင်း တာဝန်ယူတည်ဆောက်မည့် တရုတ်နိုင်ငံသားများ အတွက် Visa ရရှိရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များတွင် သံတမန်လမ်းကြောင်းမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါသည်။

( ဂ ) ကွမ်းလုံတံတားသည် ကွမ်းလုံမြို့နယ်၊ ဟိုလီကျေးရွာအုပ်စု၊ ဟိုလီကျေးရွာနှင့် အိုရီယမ်တယ် တိုးဂိတ်ကြားမှ ဆုံးဖြတ်ကျေးရွာအုပ်စု၊ ဆုံးဖြတ်ကျေးရွာသို့ ဆက်သွယ်တည်ဆောက်မည့်တံတား ဖြစ်ပါသည်။ ဟိုလီကျေးရွာသည် ကွမ်းလုံမြို့မရဲစခန်းတောင်ဘက် (၂) မိုင်ခန့်၊ ခန့်မှန်းမြေပုံညွှန်း (MF - 594875) ဖြစ်ပြီး ဆုံးဖြတ်ကျေးရွာသည် ကွမ်းလုံမြို့မရဲစခန်းတောင်ဘက် (၁) မိုင် (၅) ဖာလုံခန့်အကွာ၊ ခန့်မှန်းမြေပုံညွှန်း (MF - 605880) ဖြစ်ပါသည်။ တံတားတည်ဆောက်မည့် နေရာသည် မြို့ဧရိယာပြင်ပဖြစ်ပြီး ကွမ်းလုံမြို့မရဲစခန်းမှ (၂) မိုင် ကွာဝေး၍ သောင်းကျန်းသူ အဖွဲ့များဖြစ်သည့် KIA/TNLA/MNDAA အဖွဲ့များ မကြာခဏ ဖြတ်သန်းသွားလာတတ်သည့် နေရာနှင့် ဆက်စပ်နီးစပ်သည့် နယ်မြေဖြစ်ပါသည်။ တရုတ်ဝန်ထမ်းများပါဝင်သော လုံခြုံရေးနှင့် ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းရန်အတွက် ဒေသခံရဲတပ်ဖွဲ့ဝင်ဖြစ်ပြီး နယ်မြေကျွမ်းကျင်သည့် တရုတ်ဘာသာစကားကျွမ်းကျင်စွာပြောဆိုနိုင်သော ကွမ်းလုံမြို့အထူးတိုက်ခိုက်ရေး ရဲတပ်ဖွဲ့ဖြင့် လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဃ) ကွမ်းလုံတံတား အကောင်အထည်ဖော်တည်ဆောက်ရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ တံတားစီမံကိန်းစတင်ပါက လုံခြုံရေးဆောင်ရွက်နိုင်ရန်အတွက် တပ်နယ်မှ ထုတ်နုတ် အင်အားများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ကွမ်းလုံမှ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန်ဖြစ်ပါသည်။

( င ) ကွမ်းလုံတံတား တံတားမတည်ဆောက်မီကာလအတွင်း မြေယာကိစ္စရပ်များဆောင်ရွက်ပေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း သက်ဆိုင်ရာ ဌာနများအချင်းချင်း ပူးပေါင်းဆက်သွယ်ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

( စ ) ကွမ်းလုံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း အသုံးပြုမည့် မော်တော်ယာဉ်များ၊ စက်ယာဉ်ယန္တရားများ၊ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အန္တရာယ်ရှိသော ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ သတ်မှတ်ချက်များ၊ ယာဉ်မောင်း လိုင်စင်များအတွက် သတ်မှတ်ချက်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(ဆ) ပတ်ဝန်းကျင်လေ့လာဆန်းစစ်မှုဆိုင်ရာကိစ္စရပ်များ (EIA/SIA) ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

( ဇ ) ကွမ်းလုံတံတားတည်ဆောက်ရေးလုပ်ငန်းတွင် လိုအပ်သောလျှပ်စစ်မီးများအသုံးပြုနိုင်ရေးနှင့် အထက်သံလွင် (ကွမ်းလုံ) စီမံကိန်း ချဉ်းကပ်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကွမ်းလုံ တံတားသစ် ချဉ်းကပ်လမ်းအဖြစ် သတ်မှတ်အသုံးပြုခွင့်ရရှိရေး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

(စျ) ကွမ်းလုံတံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များ၏ တစ်ဖက်နိုင်ငံတွင် နေထိုင်ခွင့်ကို နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ စာချုပ်ပါအတိုင်း သတ်မှတ်ခွင့်ပြုပေးသွားပါမည်။ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်များအတွက် အခကြေးငွေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ကောက်ခံသွားပါမည်။ အထွေထွေကိစ္စရပ်များအတွက် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပါမည်။

(ည) ကွမ်းလုံတံတားတည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ပစ္စည်းကိရိယာများ တင်ပို့တင်သွင်းလာပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သတ်မှတ်ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုင်စင်များ ခွင့်ပြုပေးရေး ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(ဋ) ကွမ်းလုံတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ တင်သွင်းလာသောကုန်ပစ္စည်းများ၏ အခွန်အခဆိုင်ရာကိစ္စရပ်များ၊ အကောက်ခွန်လုပ်ထုံးလုပ်နည်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၁၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင်လမ်းမကြီးများ၏ လမ်းအဆင့်အတန်းအလိုက် လမ်းနယ်နိမိတ်အကျယ်ကို နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးများ၏ သတ်မှတ်ချက်နှင့် နိုင်ငံတွင်းလိုအပ်ချက်များအရ အောက်ပါအတိုင်း သတ်မှတ်ကြေညာလိုက်သည် -

| စဉ် | လမ်းအဆင့်အတန်း | လမ်းနယ်နိမိတ် | |
|---|---|---|---|
| | | မီတာ | ပေ |
| (က) | အမြန်လမ်းမကြီး<br>(Expressway) | ၁၂၂ | ၄၀၀ |
| (ခ) | အထူးသတ်မှတ်လမ်း<br>(Special Road) | ၉၁. ၅ | ၃၀၀ |
| (ဂ) | နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး<br>(International Highway) | ၇၀ | ၂၃၀ |
| (ဃ) | ပြည်ထောင်စုလမ်းမကြီး<br>(National Highway) | ၄၅. ၇၅ | ၁၅၀ |
| (င) | တိုင်းဒေသကြီး/ပြည်နယ်များဆက်သွယ်သည့်လမ်း<br>(Regions / States Collector Road) | ၄၅. ၇၅ | ၁၅၀ |
| (စ) | ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း<br>(Districts/Townships Collector Road) | ၄၅. ၇၅ | ၁၅၀ |
| (ဆ) | မြို့နယ်/ကျေးရွာများဆက်သွယ်သည့်လမ်း<br>(Townships/Villages Collector Road) | ၃၀. ၅ | ၁၀၀ |

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၂၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက်ဌာနခွဲမှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၀၂၃ ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်သန်းရီ သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၄ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်ပါ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၃၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်းရှိ အောက်ဖော်ပြပါ လမ်း (၄) လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းအဖြစ်မှ နုတ်ပယ်လိုက်သည် -

| စဉ် | လမ်းအမည် | လမ်းအရှည် |
|---|---|---|
| ၁ | နန့်တဘက်-ကလုံခ-တုံဟုံး-မွန်ခပါလမ်း | ၂၇ မိုင် ၀ ဖာလုံ |
| ၂ | နန့်တဘက်-ပရန်ခုဒုံလမ်း | ၁၂ မိုင် ၀ ဖာလုံ |
| ၃ | စိန်လုံ-မွန်ခပါလမ်း | ၁၅ မိုင် ၀ ဖာလုံ |
| ၄ | မန်ဝိန်းကြီး-ဖာလင်-လွယ်ဂျယ်-မွန်ခပါ-နားလုံလမ်း | ၁၄၆ မိုင် ၀ ဖာလုံ |

၂။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကချင်ပြည်နယ်အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၂၁၇၄ မိုင် ၅ ဖာလုံ သို့မဟုတ် ၃၄၉၉. ၇၁၈ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၃၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) အရ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သဘာဝတံတား (ပန်ဝ) မှ နမ့်လန်အထိ ကိုယ်ထူကိုယ်ထလမ်းပိုင်း ၁၃ မိုင် ၁ ဖာလုံပါဝင်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် (တောင်ပိုင်း) တို့ကို ဆက်သွယ်ထားသည့် အောက်ဖော်ပြပါလမ်းပိုင်းကို လမ်းဦးစီးဌာနပိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် မြို့နယ်/ကျေးရွာများဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်း

(ခ) လမ်းအရှည် - ၅၁ မိုင် ၆ ဖာလုံ သို့မဟုတ် ၈၃. ၂၈၄ ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ၊ ကျောက်ဂူကျေးရွာ

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၅၁ မိုင် ၆ ဖာလုံ သို့မဟုတ် ၈၃. ၂၈၄ ကီလိုမီတာ နန့်လန်ကျေးရွာ

(င) လမ်းအဆင့်အတန်း - မြို့နယ်/ကျေးရွာများဆက်သွယ်သည့်လမ်း

၂။ သို့ဖြစ်ပါ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရှမ်းပြည်နယ်အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို ၆၇၁၀ မိုင် ၁၃၇ ပေ သို့မဟုတ် ၁၀၇၉၈. ၇၃၁ ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စက်မှုဌာနခွဲ (ရုံးချုပ်) မှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (စက်မှု) (၆) ဦး တို့အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲဖော်ပြပါ နေရာများအလိုက် တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (က) | ဦးအောင်စိုးမိုး ဆလက/၅၂၆၈၁ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ရှမ်းပြည်နယ် (အရှေ့ပိုင်း) |
| (ခ) | ဦးမျိုးမင်းဇော် ဆလက/၄၅၄၃၃ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ရန်ကုန်တိုင်းဒေသကြီး |
| (ဂ) | ဦးစောစိုးမိုး ဆလက/၃၂၂၈၁ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ကယားပြည်နယ် |
| (ဃ) | ဦးလှပို ဆလက/၃၂၃၅၆ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ရခိုင်ပြည်နယ် |
| (င) | ဦးခင်မောင်သိန်း ဆလက/၃၂၃၆၈ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ရှမ်းပြည်နယ် (တောင်ပိုင်း) |
| (စ) | ဦးဘုန်းနိုင် ဆလက/၄၁၂၁၄ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး တနင်္သာရီတိုင်းဒေသကြီး |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၃၉/၂၀၁၉)**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် (၁၀) ဦးတို့အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ(စီမံ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်ပြီး ယှဉ်တွဲဖော်ပြပါ နေရာများအလိုက် တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | ရာထူးတိုးမြှင့် တာဝန် ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (က) | ဒေါ်မြသန္တာမျိုး ဆလက/၅၂၆၄၄ | ညွှန်ကြားရေးမှူးချုပ်ရုံး (ရုံးချုပ်) |
| (ခ) | ဒေါ်သူသူသင်းအေး ဆလက/၅၂၆၄၁ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ကရင်ပြည်နယ် |
| (ဂ) | ဒေါ်တင်တင်ရီ ဆလက/၅၂၆၃၆ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ကချင်ပြည်နယ် |

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | ရာထူးတိုးမြှင့် တာဝန် ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (ဃ) | ဒေါ်နွဲ့ယဉ်လင်း ဆလက/၅၂၆၄၀ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ရခိုင်ပြည်နယ် |
| (င) | ဒေါ်ခိုင်ဇာလင်း ဆလက/၅၂၆၃၉ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး မွန်ပြည်နယ် |
| (စ) | ဒေါ်ချိုမာဝင်း ဆလက/၅၂၆၃၂ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ကယားပြည်နယ် |
| (ဆ) | ဒေါ်လှိုင်းဇင်မြင့် ဆလက/၅၂၆၃၇ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ချင်းပြည်နယ် |
| (ဇ) | ဒေါ်သပြေဝင်း ဆလက/၅၂၆၃၄ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ရှမ်းပြည်နယ် (အရှေ့ပိုင်း) |
| (ဈ) | ဒေါ်နှင်းကြည်ပြာဦး ဆလက/၅၂၆၃၈ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး ရှမ်းပြည်နယ် (တောင်ပိုင်း) |
| (ည) | ဒေါ်စန်းစန်းမော် ဆလက/၃၉၆၇၆ | ညွှန်ကြားရေးမှူး (မြို့ပြ) ရုံး တနင်္သာရီတိုင်းဒေသကြီး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄၀/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (စက်မှု) (၆) ဦးတို့အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်အေးအေးနိုင်
ဆလက/၄၅၇၇၄

(ခ) ဦးဝင်းမြင့်
ဆလက/၄၅၈၇၀

(ဂ) ဦးကျော်ဆန်းထွန်း
ဆလက/၄၅၈၅၆

(ဃ) ဦးထွန်းသောင်း
ဆလက/၄၆၂၅၇

(င) ဒေါ်ဣန္ဒနီစိုး
ဆလက/၄၆၂၅၉

(စ) ဒေါ်အေးအေးခိုင်
ဆလက/၄၆၂၆၀

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄၁/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (စက်မှု) (၂) ဦးတို့အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဦးရဲမင်းထွန်း
ဆလက/၃၂၃၅၃

(ခ) ဦးတိုးကျော်သူ
ဆလက/၃၂၂၆၈

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒုတိယဦးစီးမှူး (၃) ဦးနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူး (၁) ဦး၊ စုစုပေါင်း (၄) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ ရာထူးသို့ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်အပ်လိုက်သည် -

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | လက်ရှိ ရာထူး၊ နေရာ |
|---|---|---|
| (က) | ဦးရဲမြင့်မောင်<br>ဆလက/၄၆၃၉၄ | ဒုတိယဦးစီးမှူး<br>ဦးစီးရုံး |
| (ခ) | ဒေါ်အေးအေးနွယ်<br>ဆလက/၄၆၀၀၇ | ဒုတိယဦးစီးမှူး<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |
| (ဂ) | ဒေါ်နွယ်နွယ်လှိုင်<br>ဆလက/၄၆၄၀၀ | ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>ဦးစီးရုံး |
| (ဃ) | ဒေါ်ဒီဇင်ဘာထွေး<br>ဆလက/၄၆၀၀၀ | ဒုတိယဦးစီးမှူး<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) (၄) ဦးတို့အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ရက်နေ့မှစ၍ ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ နေရာများအတိုင်း ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ | ရာထူးတိုးမြှင့်<br>တာဝန်ပေးအပ်သည့် နေရာ |
|---|---|---|---|
| (က) | ဒေါ်ချိုဝေလွင်<br>ဆလက/၄၆၈၉၃ | အရည်အသွေးထိန်းသိမ်းရေး<br>ဌာနခွဲ၊ [တည်ဆောက်ရေး<br>အဖွဲ့ (၁) မန္တလေး (တွဲဖက်)] | နိုင်ငံတကာဆက်ဆံရေးနှင့်<br>ဥပဒေဌာနခွဲ |
| (ခ) | ဒေါ်သန်းသန်းမော်<br>ဆလက/၄၆၉၀၅ | အရည်အသွေးထိန်းသိမ်းရေး<br>ဌာနခွဲ၊ [တည်ဆောက်ရေး<br>အဖွဲ့ (၁) မန္တလေး (တွဲဖက်)] | တည်ဆောက်ရေးအဖွဲ့ (၁)<br>မန္တလေး |
| (ဂ) | ဦးညိုဝင်းသန်း<br>ဆလက/၄၇၂၇၁ | တံတားအထူးအဖွဲ့ (၇)<br>ကျောက်တော် | တံတားပြုပြင်ထိန်းသိမ်းရေး<br>ဌာနခွဲ [တံတားအထူးအဖွဲ့ (၇)<br>ကျောက်တော် (တွဲဖက်)] |
| (ဃ) | ဦးအောင်မြင့်တိုး<br>ဆလက/၄၇၂၈၂ | တံတားပြုပြင်ထိန်းသိမ်းရေး<br>ဌာနခွဲ [တံတားအထူးအဖွဲ့ (၇)<br>ကျောက်တော် (တွဲဖက်)] | တံတားပြုပြင်ထိန်းသိမ်းရေး<br>ဌာနခွဲ [တံတားအထူးအဖွဲ့ (၇)<br>ကျောက်တော် (တွဲဖက်)] |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၅၉/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ)/ပုံဆွဲ (၁) (မြို့ပြ) (၁၀) ဦးတို့အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၉) ၏ သဘောတူညီချက်အရ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ရက်နေ့မှစ၍ ၎င်းတို့၏ အမည်နှင့် ယှဉ်တွဲဖော်ပြပါ နေရာများအတိုင်း ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ | ရာထူးတိုးမြှင့် တာဝန်ပေးအပ်သည့် နေရာ |
|---|---|---|---|
| (က) | ဦးစိုးမြင့် ဆလက/၄၂၂၉၂ | အရည်အသွေးထိန်းသိမ်းရေး ဌာနခွဲ၊ [တည်ဆောက်ရေး အဖွဲ့ (၂) ညောင်ဦး (တွဲဖက်)] | တည်ဆောက်ရေးအဖွဲ့ (၂) ညောင်ဦး |
| (ခ) | ဦးတင်မောင်ထွေးချို ဆလက/၄၂၄၁၆ | တံတားအထူးအဖွဲ့ (၁၄) [တံတားစီမံကိန်းအဖွဲ့ (၄) မောင်တောခရိုင် (တွဲဖက်)] | တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ [တံတားအထူးအဖွဲ့ (၁၄) မော်လမြိုင် (တွဲဖက်)] |
| (ဂ) | ဦးထွန်းထွန်း ဆလက/၄၃၂၃၁ | တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ | တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ |
| (ဃ) | ဦးငွေးဝင်း ဆလက/၄၃၀၇၅ | တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ [တံတားအထူးအဖွဲ့ (၁၆) ပုသိမ် (တွဲဖက်)] | တံတားအထူးအဖွဲ့ (၁၆) ပုသိမ် |
| (င) | ဦးအောင်ဇော်မြင့် ဆလက/၄၂၈၈၄ | တံတားအထူးအဖွဲ့ (၁၀) လှည်းကူး | တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ၊ [တံတားအထူးအဖွဲ့ (၁၀) လှည်းကူး (တွဲဖက်)] |
| (စ) | ဦးအောင်ဇော်မိုး ဆလက/၄၂၉၃၀ | တည်ဆောက်ရေးအဖွဲ့ (၂) ညောင်ဦး | တည်ဆောက်ရေးအဖွဲ့ (၂) ညောင်ဦး |
| (ဆ) | ဦးအောင်လွင် ဆလက/၄၃၅၇၆ | တံတားအထူးအဖွဲ့ (၆) နေပြည်တော် | တံတားအထူးအဖွဲ့ (၆) နေပြည်တော် |
| (ဇ) | ဦးအောင်ကျော်ဦး ဆလက/၄၂၄၅၂ | တံတားအထူးအဖွဲ့ (၁၆) ပုသိမ် | တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ [တံတားအထူးအဖွဲ့ (၁၆) ပုသိမ် (တွဲဖက်)] |
| (ဈ) | ဦးသန်းကျော် ဆလက/၄၄၇၂၆ | နည်းပညာနှင့် သင်တန်း ဌာနခွဲ၊ [တံတားအထူးအဖွဲ့ (၁၄) မော်လမြိုင် (တွဲဖက်)] | တံတားပြုပြင်ထိန်းသိမ်းရေး ဌာနခွဲ၊ [တံတားအထူးအဖွဲ့ (၁၄) မော်လမြိုင် (တွဲဖက်)] |
| (ည) | ဒေါ်စိုးစိုးအေး ဆလက/၄၃၇၉၈ | စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲရေးဌာနခွဲ | စီမံကိန်းရေးဆွဲရေးနှင့် စီမံခန့်ခွဲရေးဌာနခွဲ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၆၃/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (လျှပ်စစ်) [တည်ဆောက်ရေး အဖွဲ့ (၂) ညောင်ဦး (တွဲဖက်)] မှ ကိုယ်ပိုင်အမှတ် ဆလက/၄၇၃၉၂ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်) ဒေါ်သိမ့်သိမ့်ဗိုလ် အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၉) ၏

သဘောတူညီချက်အရ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (လျှပ်စစ်) တွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (လျှပ်စစ်) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့် ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၆၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

၁။ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ ကရင်ပြည်နယ်၊ ဘားအံခရိုင်အတွင်းရှိ အောက်ပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ကရင်ပြည်နယ် အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော မြို့နယ်/ကျေးရွာများဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းအမည် - ဘားအံ-သံလွင်တံတားဖြတ်လမ်း။

(ခ) လမ်းအရှည် - ၂ ဖာလုံ ၁၃၀ ပေ သို့မဟုတ် ၀.၄၄၂ ကီလိုမီတာ။

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ
(ဘားအံ-ထုံးအိုင်လမ်း မိုင်တိုင်အမှတ် ၀.၅ ကီလိုမီတာနှင့် ၁ ကီလိုမီတာကြား)။

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၂ ဖာလုံ ၁၃၀ ပေ သို့မဟုတ် ၀.၄၄၂ ကီလိုမီတာ
(သထုံ - ဘားအံ - ကော့ကရိတ် - မြဝတီလမ်း မိုင်တိုင်အမှတ် ၄၂.၅ ကီလိုမီတာနှင့် ၄၃ ကီလိုမီတာကြား)။

(င) လမ်းအဆင့်အတန်း - မြို့နယ်/ကျေးရွာများဆက်သွယ်သည့်လမ်း။

(စ) လမ်းနယ်နိမိတ်အကျယ် - ၁၀၀ ပေ။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ကရင်ပြည်နယ်အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို (၁၂၈၂) မိုင် (၁) ဖာလုံ (၆၃၈) ပေ သို့မဟုတ် (၂၀၆၃.၅၇၆) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၆၈/၂၀၁၉)

၁။ ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ အောက်ပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့် **လမ်းမကြီး** အဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းအမည် - ပဲခူးမြစ်ကူးတံတား (ဒါးပိန် - သပြူ) လှည်းကူးဘက်ခြမ်း ချဉ်းကပ်လမ်း။

(ခ) လမ်းအရှည် - ၂ မိုင် ၇ ဖာလုံ ၄၉၂ ပေ သို့မဟုတ် ၄.၇၇၇ ကီလိုမီတာ။

(ဂ) စတင်သည့်နေရာ - ၀/၀ မိုင် သို့မဟုတ် ၀ ကီလိုမီတာ၊
(ဆားတလင်း - ဒါးပိန် - ကျွဲကူးဆိပ်လမ်း မိုင်တိုင်အမှတ် ၃/၀ - ၃/၁ ကြား)။

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၂ မိုင် ၇ ဖာလုံ ၄၉၂ ပေ သို့မဟုတ် ၄.၇၇၇ ကီလိုမီတာ
[ပဲခူးမြစ်ကူးတံတား (ဒါးပိန် - သပြူ) လှည်းကူးဘက်ခြမ်း]။

(င) လမ်းအဆင့်အတန်း - တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့်လမ်း။

(စ) လမ်းနယ်နိမိတ်အကျယ် - ၁၅၀ ပေ။

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လမ်းအရှည် စုစုပေါင်းကို (၆၄၉) မိုင် (၆) ဖာလုံ (၅၂၈) ပေ သို့မဟုတ် (၁၀၄၅. ၈၃၄) ကီလိုမီတာဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၇၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဖြင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ် ဆ/၁၅၄၂ ဦးအောင်မျိုးဦး အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၇၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၂) ညောင်ဦးမှ ကိုယ်ပိုင် အမှတ် ဆ/၁၃၂၉၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဌေးဦး အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၃၈/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) (ထိန်းသိမ်းရေး) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင် စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၇၂/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်း/လေယာဉ်ကွင်းဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ ကိုယ်ပိုင်အမှတ် ဆ/၁၂၇၉၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်ဦး အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၃၈/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၇၃/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ရန်ကုန်တိုင်းဒေသကြီး [မအူပင် - ကျိုက်လတ် - ဖျာပုံလမ်း P.M.U (တွဲဖက်)] မှ ကိုယ်ပိုင်အမှတ် ဆ/၁၉၆၆၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးပြည်ဖြိုးဆယ် အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ လမ်းဦးစီးဌာန၊ ကယားပြည်နယ်တွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၇၅/၂၀၁၉)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ကိုယ်ပိုင်အမှတ် ဆ/၁၁၉၁ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော် သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှစတင်၍ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပါရန် လျှောက်ထားခဲ့ခြင်းအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၈/၂၀၁၉) ၏ ဆုံးဖြတ်ချက်၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော် အား ငြင်းပယ်ထားသည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့အထိ ခံစားစေပြီး ခွင့်ရက်ကုန်ဆုံးသည့် နောက်တစ်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင်ဖြင့် အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၈၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးအား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ လမ်းဦးစီးဌာနတွင် အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | လက်ရှိ ရာထူး၊ နေရာ၊ လစာနှုန်း | တိုးမြှင့်တာဝန်ပေးအပ်သည့် ရာထူး၊ နေရာ၊ လစာနှုန်း |
|---|---|---|---|
| (က) | ဒေါ်နွယ်နီထွန်း ဆ/၂၀၂၇ | ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) လမ်းအထူးအဖွဲ့ (၁၃) ပျဉ်းမနား (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ညွှန်ကြားရေးမှူး (မြို့ပြ) နေပြည်တော် (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| (ခ) | ဦးမိုးကျော်ထွန်း ဆ/၂၀၁၆ | လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) လွိုင်ကော်ခရိုင် (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) လမ်းအထူးအဖွဲ့ (၁၃) ပျဉ်းမနား (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၈၅/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၅) ဆိပ်ဖြူမှ ကိုယ်ပိုင်အမှတ် ဆ/၂၄၄၂၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးညီညီဇော် အား ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၉/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ တံတားဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် သတင်းအချက်အလက်ဌာနခွဲတွင် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်)

၁။　ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇) ပါ တင်ဒါ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန တင်ဒါ ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဦးမောင်မောင်ကျော် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ခ) ဦးကောင်းထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဂ) ဦးအောင်အေးဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဃ) ဒေါ်ခင်သန်းဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(င) ဦးမြင့်ထွေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(စ) ဦးမျိုးဝင်းညွန့် — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ဝန်ကြီးရုံး

(ဆ) ဒေါ်ကြည်ကြည်လှ — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ဝန်ကြီးရုံး

(ဇ) ဦးတင်ထွန်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

(ဈ) ဦးလှိုင်ဦး — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ဝန်ကြီးရုံး

၂။　တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျပ် (၁၀) သိန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများ အတွက် တင်ဒါခေါ်ယူရန်မလိုအပ်ဘဲ တင်ဒါကော်မတီအနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ်

ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုအား ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်း၊

( ခ ) ကျပ် (၁၀) သန်းမှ ကျပ်သန်း (၁၀၀) ထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်းများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် ရက်သတ္တ (၂) ပတ်ကြိုတင်၍ သိသာထင်ရှားစွာ ကြေညာခြင်း၊

( ဂ ) ကျပ်သန်း (၁၀၀) အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁) လကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁) လကြိုတင် ကြော်ငြာနိုင်ရေးဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေ မဖြစ်မနေသုံးစွဲရမည့် ကိစ္စများမှအပ ပြည်တွင်းတွင်ဝယ်ယူရရှိနိုင်မည့်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူခြင်း၊

( င ) ဝယ်ယူလိုသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင် တင်ဒါခေါ်ယူ၍ ဝယ်ယူရေး၊ ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း၊

( စ ) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ဆ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

( ဇ ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်းသတ်မှတ်ပေးခြင်း၊

(ဈ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကုန်ထရိုက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်များ (ကုန်ထရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ည) နည်းပညာအရ မြင့်မားပြီး ရှုပ်ထွေးသည့်ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာ ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

( ဋ ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

( ဌ ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

( ဍ ) တင်ဒါအောင်မြင်သူများအား ကြေညာခြင်း၊

( ဎ ) နမူနာတောင်းခံရန်လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဏ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(တ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီနှင့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)

### ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအဖွဲ့ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉ ဖြင့် ဖွဲ့စည်းထားခဲ့သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအဖွဲ့အား အောက်ပါအတိုင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(၁) ဦးမောင်မောင်ကျော် — အဖွဲ့ခေါင်းဆောင်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၀၇၈/၀၉ ၄၂၀၇၀၄၅၅၅

(၂) ဦးကောင်းထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၀၉၇/၀၉ ၄၉၂၁၈၉၇၆

(၃) ဦးအောင်အေးဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၄၅၉/၀၉ ၅၀၃၄၅၈၂

(၄) ဒေါ်ခင်သန်းဝင်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၄၄၈/၀၉ ၇၈၀၆၇၂၁၉၉

(၅) ဦးမြင့်ထွေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၀၈၂/၀၉ ၅၀၇၃၉၃၅

(၆) ဦးလှိုင်ဦး — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၄၅၄/၀၉ ၅၀၂၂၃၀၄

(၇) ဦးခင်မောင်စိုး — တွဲဖက်အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်
ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန
ရုံးဖုန်း-၀၆၇ ၄၀၆၂၄၄/၀၉ ၄၂၂၄၄၃၇၉၆

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်)

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးသန်းဝင်း [၁၂/ရကန (နိုင်) ၀၂၃၇၂၀] အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) အရ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။

၂။ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၉) အရ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၅ ရက်နေ့ထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၂၀ ပြည့်နှစ်၊ မေလ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၁/၂၀၁၉) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးဘူးရယ် အား တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်)

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၉) ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဤ **'မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်** ကို ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## နိဒါန်း

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ လည်ပတ်နိုင်စေရန် ဆောင်ရွက်နေကြသူများဖြစ်သည့်အားလျော်စွာ နိုင်ငံရေး၊ စီးပွားရေးနှင့် အစိုးရအဖွဲ့များ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားမှုရှိစေရန် ဆောင်ရွက်ကြရပါသည်။

၂။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီအချိန်၌ နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များ စီမံခန့်ခွဲဆောင်ရွက်ရာတွင် ဗြိတိသျှကိုလိုနီခေတ်၌ပြဋ္ဌာန်းခဲ့သော မူလအခြေခံနည်းဥပဒေများ၊ နောက်ဆက်တွဲ နည်းဥပဒေများ၊ မြို့ပြဝန်ထမ်းစည်းမျဉ်းများ၊ ဂျီဆာကျူလာအမှတ် (၁၅) (၁၉၄၀ ခုနှစ်)၊ အစိုးရဝန်ထမ်းများ ကျင့်ဝတ်နည်းဥပဒေ၊ မြန်မာနိုင်ငံ ခွင့်ပေးရေးနည်းဥပဒေများ၊ ဌာနဆိုင်ရာ စာမေးပွဲနည်းဥပဒေများလက်စွဲ၊ စာရေးဝန်ထမ်းများ ခန့်ထားရေးနည်းဥပဒေများ၊ မြို့ပြငွေစာရင်း ကိုဒ်ဥပဒေ၊ ခရီးစရိတ်လက်စွဲ၊ ပင်စင်နည်းဥပဒေသစ်၊ ပြစ်မှုဆိုင်ရာ ကိုဒ်ဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ကိုဒ်ဥပဒေ၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ (၁၉၄၈ ခုနှစ်) နှင့် မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များအက်ဥပဒေ (၁၉၂၃ ခုနှစ်) တို့ကို အခြေခံ၍ ဆောင်ရွက်ခဲ့ပါသည်။

၃။ လွတ်လပ်ရေးရပြီးချိန် နောက်ပိုင်းတွင်လည်း ဗြိတိသျှကိုလိုနီခေတ်၌ ပြဋ္ဌာန်းခဲ့သည့်ဥပဒေ၊ နည်းဥပဒေများပေါ် အခြေခံ၍ ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ ကောက်နုတ်ချက်စာစောင် (၁၉၈၄ ခုနှစ်)၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲ (၁၉၈၅ ခုနှစ်)၊ ဝန်ထမ်းကျင့်ဝတ်စာစောင် (၁၉၉၁ ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၁၇ ခုနှစ်) ဟူ၍ ကောက်နုတ်ရေးသား အသုံးပြုဆောင်ရွက်ခဲ့ပါသည်။

## အခန်း (၂)
## မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်ပေါ်ပေါက်လာပုံ

၄။ မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေ (၁၉၃၅ ခုနှစ်) အရ ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် " ရာထူးဝန်အဖွဲ့ " ကို ဖွဲ့စည်းခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ရာထူးဝန်အဖွဲ့ အက်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ၁၉၇၇ ခုနှစ်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥပဒေအရ "ရာထူးဝန်အဖွဲ့ " မှ "ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ " ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ထပ်မံ၍ ၂၀၁၀ ခုနှစ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေအရ "ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ " မှ "ပြည်ထောင်စုရာထူးဝန်အဖွဲ့ " ဟူ၍ အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။

၅။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ (က) အရ နိုင်ငံ့ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ရေးတာဝန်နှင့် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းသတ်မှတ်ရေးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။

၆။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ရေရှည်တည်တံ့ခိုင်မြဲ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်တည်ဆောက်ရန်အတွက် လွတ်လပ်စွာတွေးခေါ်နိုင်သော၊ စွမ်းဆောင်ရည်ပြည့်ဝသော၊ အရည်အချင်းရှိသော၊ စည်းကမ်းပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ရန် မျှော်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အား ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဟူ၍ ဖွဲ့စည်းထားရှိပါသည်။

၇။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဓိကတာဝန်များမှာ စတင်ခန့် ဝင်ပေါက်ရာထူးနေရာတွင် ခန့်ထားမည့် အရာထမ်းများအား ရွေးချယ်ခြင်းလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်ရန်၊ ဝန်ထမ်းဆိုင်ရာကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းသတ်မှတ်ရေးနှင့် မူဝါဒလမ်းညွှန်ချက်များချမှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား အထောက်အကူပြုရန်၊ နိုင်ငံ့ဝန်ထမ်းများအတွက် ရာထူးအဆင့်အလိုက် ပုံမှန်သင်တန်းများ စီမံဆောင်ရွက်ရန်၊ အလယ်အလတ်အဆင့်အရာထမ်းများနှင့် အဆင့်မြင့်အရာထမ်းများအတွက် သင်တန်းအစီအစဉ်များ၊ ကွန်ဖရင့်စ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ ပံ့ပိုးစီစဉ်ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်၍ လေ့ကျင့်ပညာပေးရေးအစီအစဉ်များ စီမံဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းများနှင့်သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို

စီမံဆောင်ရွက်ရန်နှင့် နိုင်ငံ့ဝန်ထမ်းရေးရာ ကိစ္စများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ သဘောထား မှတ်ချက်များ တောင်းခံလာပါက ဆွေးနွေးအကြံပြုချက်များ ပံ့ပိုးပေးရန်တို့ဖြစ်ပါသည်။

၈။ လက်ရှိကာလတွင် နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစသည်ဖြင့် အသီးသီးထုတ်ပြန်ပြဋ္ဌာန်းခဲ့သော်လည်း မြန်မာနိုင်ငံ၊ နိုင်ငံ့ဝန်ထမ်းသမိုင်းတစ်လျှောက်တွင် "နိုင်ငံ့ဝန်ထမ်း စနစ်" ဟူ၍ သီးခြားထုတ်ပြန်ပြဋ္ဌာန်းဆောင်ရွက်နိုင်ခြင်း မရှိပါ။

၉။ သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ (က) အရ နိုင်ငံ့ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ရေးတာဝန်နှင့် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်း သတ်မှတ်ရေး တာဝန်များ ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးခဲ့သော ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့် ဝန်ထမ်းကျင့်ဝတ်တို့ကို အခြေခံ၍ ဤ "မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်" ကို ရေးဆွဲထုတ်ပြန်ခြင်းဖြစ်ပါသည်။

၁၀။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၁ နှင့် ပုဒ်မ ၂၉၂ တို့အရ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် တပ်မတော်သားများအတွက် တပ်မတော်ဆိုင်ရာဥပဒေများနှင့်အညီ လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့် အညီလည်းကောင်း ပြဋ္ဌာန်းဆောင်ရွက်ရမည်ဖြစ်သည်။

## အခန်း (၃)
## ရည်ရွယ်ချက်

၁၁။ "မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်" သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ရည်ရွယ်ပါသည်။ "မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်" ကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအရ ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်ပါသည် -

(က) အနာဂတ်နိုင်ငံတော်တည်ဆောက်မှုတွင် ၂၁ ရာစုကို ရှေးရှုသည့် နိုင်ငံ့ဝန်ထမ်းပြောင်းလဲမှု ပုံစံသစ်နှင့်အတူ ပြောင်းလဲမှုကို ဦးဆောင်ဦးရွက်ပြုကာ ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍ ခိုင်မာစွာ ပေါ်ထွက်လာစေရန်၊

(ခ) ကောင်းမွန်သောလုပ်ငန်းဆောင်ရွက်မှုများအတွက် နိုင်ငံ့ဝန်ထမ်းများအပေါ် သင့်လျော်သည့် ဆုချီးမြှင့် ပေးအပ်ခြင်းနှင့် စိတ်ဓာတ်ခွန်အား တိုးမြှင့်ပေးမှုများ ပံ့ပိုးဆောင်ရွက်နိုင်စေရန်၊

(ဂ) ပေးအပ်သည့် တာဝန်ကို မဆုတ်မနစ်ထိရောက်စွာထမ်းဆောင်နိုင်ပြီး ရိုးသားဖြောင့်မတ်မှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ ပြည်သူ့ဗဟိုပြုတာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ် ပေးနိုင်စေရန်၊

(ဃ) လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်အောင်မြင်စွာ ထမ်းဆောင်နိုင်စေရေးအတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချ၍ နိုင်ငံ့ဝန်ထမ်းများအား လိုအပ်သည့် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားရှိနိုင်စေရန်၊

(င) ပြည်သူအပေါ် ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်သည့်အပြင် ပြည်သူ့အကျိုးစီးပွားကို အကာအကွယ် ပေးနိုင်သော အဂတိတရားကင်းရှင်းပြီး စွမ်းဆောင်ရည်ထက်မြက်၍ စဉ်ဆက်မပြတ် ဆန်းသစ် တီထွင်ဆောင်ရွက်နိုင်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်။

## အခန်း (၄)
## မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ် ဖွဲ့စည်းတည်ဆောက်ပုံနှင့် အခြေခံသဘောတရား

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ၂၀၁၁-၂၀၁၂ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဝန်ကြီးဌာန (၂၅) ခု၊ အဖွဲ့အစည်း (၁၆) ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၄) ခုအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၁၃။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ပိုမိုတုံ့ပြန်ဖြည့်ဆည်းပေးနိုင်စေရန်နှင့် ပြည်သူကို ဝန်ဆောင်မှုပေးရာ၌ ထိရောက်ပြီး ပိုမိုတာဝန်ခံမှုရှိစေရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ထိုမှတစ်ဆင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါသည်။

၁၄။　မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်ကို ရှင်းလင်းစွာ သုံးသပ်တင်ပြရမည်ဆိုပါက အောက်ဖော်ပြပါပုံတွင် ဖော်ပြထားသည်နှင့်အညီ အရည်အချင်းရှိသော၊ စွမ်းဆောင်ရည်ပြည့်ဝသော၊ စည်းကမ်းပြည့်ဝသော၊ ကျင့်ဝတ်သိက္ခာနှင့်ညီသော နိုင်ငံ့ဝန်ထမ်းကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် ဝန်ထမ်းကျင့်ဝတ်သည် ဗဟိုအချက်အချာကျသည့် အဓိကမဏ္ဍိုင်အဖြစ်တည်ရှိလျက်ရှိပါသည်။ အဆိုပါ အဓိကမဏ္ဍိုင်ကို အောင်မြင်စွာဖော်ဆောင်နိုင်ရေးအတွက် အထောက်အကူပြု မဏ္ဍိုင် (၄) ခုဖြင့် ပံ့ပိုးကူညီဖြည့်ဆည်းပေးလျက်ရှိပြီး မဏ္ဍိုင် (၁) ခုစီ၏ လုပ်ငန်းဆောင်ရွက်မှု ဂုဏ်ရည် အသီးသီးကို စနစ်ပုံစံဖြင့် ဖော်ပြကာ နိုင်ငံ့ဝန်ထမ်းစနစ်တစ်ခုလုံးကို အဓိက အထောက်အကူပြုလျက် ရှိပါသည်။ အထောက်အကူပြု မဏ္ဍိုင် (၄) ခုမှာ အုပ်ချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် နိုင်ငံ့ဝန်ထမ်းအခွင့်အရေးများတို့ဖြစ်ပြီး မဏ္ဍိုင်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထောက်ပံ့၍ စနစ်တစ်ခုအဖြစ် အပြန်အလှန် ကူညီပေးလျက်ရှိပါသည်။



**မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်၏ အခြေခံသဘောတရား**

၁၅။　၁၉၇၇ ခုနှစ်မှစ၍ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းစဉ်များသည် အဆက်ဆက်သော ဥက္ကဋ္ဌများ၏ စနစ်တကျစီမံအုပ်ချုပ်မှုမူဘောင်အောက်တွင် လည်ပတ်ခဲ့ပြီး ၎င်းတို့၏အုပ်ချုပ်စီမံမှုလုပ်ငန်းစဉ်များအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် အားကောင်းခိုင်မာသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိခြင်းသည် အထောက်အကူပြု ပထမမဏ္ဍိုင်အနေဖြင့် တည်ရှိလျက်ရှိပါသည်။

၁၆။　ထို့ပြင် ခေါင်းဆောင်ကောင်းတို့၏ ဦးဆောင်မှုအောက်၌ တတ်ကျွမ်းနားလည်မှုအခြေခံသည့် အသိပညာ၊ ဗဟုသုတနှင့် လက်တွေ့ကျွမ်းကျင်မှုများကို လက်တွေ့အသုံးချဆောင်ရွက်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ဆောင်ရွက်ခြင်းသည် ဝန်ထမ်းအဖွဲ့အစည်းမှတစ်ဆင့် နိုင်ငံတော်၏စွမ်းအားပြည့်စုံ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းစဉ်အား အထောက်အကူပြုနိုင်ရန် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းကို နိုင်ငံ့ဝန်ထမ်းစနစ်၏ အထောက်အကူပြု ဒုတိယမဏ္ဍိုင်အဖြစ် အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

၁၇။　ဤနိုင်ငံ့ဝန်ထမ်းစနစ်သည် အရည်အချင်းပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများမှတစ်ဆင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများကို ပံ့ပိုးဆောင်ရွက်ပေးရာ၌ ပြည်သူများအား နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရေး ရွေးချယ်ခန့်ထားပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် လေ့ကျင့်ပညာပေးခြင်း စသည့်ပုံစံ (၂) မျိုးဖြင့် ပံ့ပိုးပေးလျက်ရှိသည့်အတွက် အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုပေးခြင်းသည် အထောက်အကူပြု တတိယမဏ္ဍိုင်အဖြစ် တည်ရှိလျက်ရှိပါသည်။

၁၈။　အထောက်အကူပြု စတုတ္ထမဏ္ဍိုင်တစ်ရပ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းတိုင်း ခံစားရရှိရမည့် နိုင်ငံ့ဝန်ထမ်းအခွင့်အရေးများကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ လုပ်ငန်းခွင်ကျေနပ်ပျော်ရွှင်မှု ပြည့်ဝစေရေး ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ အထောက်အကူပြု မဏ္ဍိုင် (၄) ရပ်၏ လုပ်ငန်းစဉ်များအား ပြဋ္ဌာန်းထားရှိသည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းညှိဆောင်ရွက်လျက်ရှိပါသည်။

၁၉။ သို့ဖြစ်ပါ၍ ပြည်သူလူထု ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်၍ ပြည်သူလူထု၏ ယုံကြည်မှုကို ပိုမိုအားကောင်းစေမည့် ကျင့်ဝတ်နှင့်ညီသော၊ အရည်အချင်းကို အခြေခံသော၊ အားလုံးပါဝင် တာဝန် ထမ်းဆောင်နိုင်သော၊ တုံ့ပြန်ဆောင်ရွက်ပေးသော အရည်အသွေးများနှင့်ပြည့်စုံသည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရန် ရည်ရွယ်သည့် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်သည် ကောင်းမွန်သော ယန္တရားလုပ်ငန်းစဉ်များ ပေါ်တွင် အခြေပြုထားသည့် ဝန်ထမ်းစနစ်ကို ကိုယ်စားပြုသည့် နိုင်ငံ့ဝန်ထမ်းစနစ်တစ်ခု ဖြစ်ပေသည်။

## အခန်း (၅)
## ရာထူးအဆင့်သတ်မှတ်ခြင်း

၂၀။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် စာရင်းအရ နိုင်ငံ့ဝန်ထမ်းစုစုပေါင်း (၁) သန်းခန့်ရှိပြီး လစာနှုန်းထားနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်များပေါ်မူတည်၍ ပြန်တမ်းဝင်အရာရှိအဆင့်အောက် အမှုထမ်းရာထူး အဆင့်များနှင့် ပြန်တမ်းဝင်အရာရှိအဆင့် ရာထူးအဆင့်များဟူ၍ အဓိကအားဖြင့် အဆင့် (၂) မျိုးခွဲခြားထား ပါသည်။ ပြန်တမ်းဝင်အရာရှိအဆင့်အောက် အမှုထမ်းများတွင် ရာထူးအဆင့် (၆) မျိုးနှင့် ပြန်တမ်းဝင် အရာရှိအဆင့် အရာထမ်းများတွင် ရာထူးအဆင့် (၆) မျိုးစီဖြင့် အောက်ပါအတိုင်း အသီးသီးခွဲခြားသတ်မှတ် ထားပါသည် -

**(က) ပြန်တမ်းဝင်အရာရှိအဆင့်အောက် အမှုထမ်းရာထူးအဆင့်များ**

(၁) ရုံးအကူဝန်ထမ်းအဆင့် (၁) နှင့် အဆင့်တူရာထူးများ၊

(၂) ရုံးအကူဝန်ထမ်းအဆင့် (၂)၊ ကျွမ်းကျင်ဝန်ထမ်းအဆင့် (၁) နှင့် အဆင့်တူရာထူးများ၊

(၃) ရုံးအကူဝန်ထမ်းအဆင့် (၃)၊ စာရေးဝန်ထမ်းအဆင့် (၁)၊ ကျွမ်းကျင်ဝန်ထမ်းအဆင့် (၂)၊ ပညာရှင်ဝန်ထမ်းအဆင့် (၁) နှင့် အဆင့်တူရာထူးများ၊

(၄) စာရေးဝန်ထမ်းအဆင့် (၂)၊ ကျွမ်းကျင်ဝန်ထမ်းအဆင့် (၃)၊ ပညာရှင်ဝန်ထမ်းအဆင့် (၂)၊ စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး) အဆင့် (၁) နှင့် အဆင့်တူရာထူးများ၊

(၅) စာရေးဝန်ထမ်းအဆင့် (၃)၊ ကျွမ်းကျင်ဝန်ထမ်းအဆင့် (၄)၊ ပညာရှင်ဝန်ထမ်းအဆင့် (၃)၊ စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး) အဆင့် (၂)၊ စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့် (၁) နှင့် အဆင့်တူရာထူးများ၊

(၆) စာရေးဝန်ထမ်းအဆင့် (၄)၊ ကျွမ်းကျင်ဝန်ထမ်းအဆင့် (၅) နှင့်အဆင့်တူရာထူးများ။

**(ခ) ပြန်တမ်းဝင်အရာရှိအဆင့် ရာထူးအဆင့်များ**

(၁) ဦးစီးအရာရှိနှင့် အဆင့်တူရာထူးများ [ပညာရှင်အဆင့် (၄)၊ စီမံခန့်ခွဲရေးဝန်ထမ်း (စီးပွားရေး) အဆင့် (၃)၊ စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့် (၂)]

(၂) လက်ထောက်ညွှန်ကြားရေးမှူးနှင့် အဆင့်တူရာထူးများ [ပညာရှင်အဆင့် (၅)၊ စီမံခန့်ခွဲရေး ဝန်ထမ်း (စီးပွားရေး) အဆင့် (၄)၊ စီမံခန့်ခွဲရေးဝန်ထမ်း (အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့် (၃)]

(၃) ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်အထွေထွေမန်နေဂျာနှင့် အဆင့်တူရာထူးများ၊

(၄) လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူး၊ ဒုတိယအထွေထွေမန်နေဂျာနှင့် အဆင့်တူ ရာထူးများ၊

(၅) ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် အဆင့်တူ ရာထူးများ၊

(၆) အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင် ညွှန်ကြားရေးမှူးနှင့်အဆင့်တူရာထူးများ။

၂၁။ ပြန်တမ်းဝင်အရာရှိအဆင့်အောက် အမှုထမ်းများအတွက် ရာထူးအဆင့် ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ရာတွင် သက်ဆိုင်ရာဌာနများ၊ ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများသည် မိမိတို့သတ်မှတ်ထားသည့် ရွေးချယ်ရေးလုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း (၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ခန့်အပ် တာဝန်ပေးအပ်ခွင့်ရှိသည်။

၂၂။ ပြန်တမ်းဝင်အရာရှိအဆင့် (အထူးသဖြင့် ဦးစီးအရာရှိအဆင့်နှင့် အဆင့်တူ) ရာထူးအဆင့်ကို ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ဝင်ပေါက်ရာထူးအဆင့်ဟု သတ်မှတ်ပြီး ၎င်းဝန်ထမ်းများ ရွေးချယ်ခန့်အပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ထားသည့် အဆိုပြုလွှာပုံစံတွင် ရေးသားပြုစု၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ ပေးပို့ရမည်ဖြစ်ပါသည်။ အဆိုပါ ရာထူးအဆင့်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ စတင်ရွေးချယ်ပေးရမည့် အဆင့်ရာထူးအဖြစ် ရွေးချယ်ပေးရန် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၄ တွင် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ဝင်ပေါက်ရာထူးရွေးချယ်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများကိုယ်စား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများကို ရွေးချယ်ပေးရမည်ဖြစ်ပါသည်။

၂၃။ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများသည် မိမိတို့အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများကို ပြန်တမ်းဝင်အရာရှိအဆင့်ရာထူးသို့ တိုးမြှင့်ခန့်အပ်လိုပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၄၊ နည်းဥပဒေခွဲ (ဂ) အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ အဆိုပြုညှိနှိုင်း၍ သဘောတူညီချက် ရယူရမည်ဖြစ်ပါသည်။

၂၄။ ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆင့်တူရာထူးမှအပ ကျန်အဆင့်ရာထူးများအတွက် အဆင့်အလိုက် ရာထူးတိုးမြှင့်ခြင်းနှင့် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခြင်းတို့အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၃) နှင့် အခန်း (၄) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။ ရာထူးတိုးမြှင့်ခန့်ထားရာတွင် သတ်မှတ်ထားသည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း၊ ရာထူးသက်၊ လုပ်သက်တို့နှင့်ပြည့်စုံ၍ တိုးမြှင့်ခန့်ထားမည့် ရာထူးတာဝန်ကို နိုင်နင်းစွာထမ်းဆောင်နိုင်မည့် ဝန်ထမ်းများကို အရည်အချင်းစစ်ဆေး အကဲဖြတ်ရွေးချယ်၍ ရာထူးတိုးမြှင့်ပေးရမည်ဖြစ်ပါသည်။

၂၅။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးဖြစ်သော ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အဆင့်တူရာထူးအတွက် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၃)၊ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်း၊ ထုတ်ပစ်ခြင်းပြုနိုင်သည်။

## အခန်း (၆)
## နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်ထားခြင်း

၂၆။ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်ထားမှုစနစ်တွင် ယှဉ်ပြိုင်စစ်ဆေးသည့် စနစ်သည် အခြေခံကျသည့် အဓိကလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အဆိုပြုညှိနှိုင်းလာသည့် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်ထားခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် ပဏာမရေးဖြေစစ်ဆေးခြင်း၊ ရေးဖြေစာမေးပွဲစစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် ကာယကြံ့ခိုင်မှုစစ်ဆေးခြင်းစသည့် ရွေးချယ်ခန့်ထားရေးလုပ်ငန်းစဉ် အဆင့် (၅) ဆင့် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၇။ ပဏာမရေးဖြေစစ်ဆေးခြင်းသည် ဘက်ပေါင်းစုံ ဗဟုသုတပြည့်စုံကြွယ်ဝမှု ရှိ မရှိ အခြေအနေကို အကဲဖြတ်စစ်ဆေးခြင်းဖြစ်ပြီး ရာထူးပိုင်ဆိုင်ခွင့် အလားအလာအရှိဆုံးသူကို ရွေးချယ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။ ထို့ပြင် အသိပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်ရှိမှုနှင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်လိုသည့် အရင်းခံစိတ်ကို အဓိကဆန်းစစ်သည့် ရေးဖြေစာမေးပွဲပုံစံဖြင့် ဆောင်ရွက်လျက်ရှိပြီး အသေးစိတ်အကဲဖြတ်မှုကို လူတွေ့စစ်ဆေးခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ကာယကြံ့ခိုင်မှုစစ်ဆေးခြင်းကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ ခန့်ထားမည့်ရာထူးအမျိုးအစားအလိုက်သော်လည်းကောင်း လိုအပ်ပါက ဆောင်ရွက်လျက်ရှိပါသည်။

၂၈။ ပြန်တမ်းဝင်အရာရှိအဆင့်အောက် အမှုထမ်းများအတွက် ရာထူးအဆင့် ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခွင့် ရှိပါသည်။

## အခန်း (၇)
## နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ပညာပေးခြင်း

၂၉။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ (က)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများ အခန်း (၄) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အခန်း (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ပညာပေးခြင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

၃၀။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများအတွက် အောက်ဖော်ပြပါ သင်တန်းအမျိုးအစား (၈) မျိုးအပြင် ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ညွှန်ကြားသောသင်တန်းများကိုလည်း တာဝန်ယူဖွင့်လှစ် စီမံဆောင်ရွက်လျက်ရှိပါသည် -

(က) ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊

(ခ) အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊

(ဂ) အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်း၊

(ဃ) အရာထမ်းအခြေခံသင်တန်း၊

(င) အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း၊

(စ) အရာထမ်းငယ် အခြေခံသင်တန်း၊

(ဆ) စာရေးဝန်ထမ်း ကြီးကြပ်မှုတန်းမြင့်သင်တန်း၊

(ဇ) စာရေးဝန်ထမ်း အခြေခံသင်တန်း။

၃၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် အဆိုပါသင်တန်းများကို နိုင်ငံ့ဝန်ထမ်းများ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ပါသည်။ ထို့ပြင် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးလိုသည့် ဆန္ဒပြင်းပြသော စွမ်းရည်ပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းများ မွေးထုတ်ပေးရန် ရည်ရွယ်၍ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဦးဆောင်မှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (၂) ခု၌ ပြည်သူ့ဝန်ထမ်းအကယ်ဒမီကိုလည်း တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

၃၂။ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများအပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ဌာနအသီးသီးအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ဝန်ထမ်းများ၏ အရည်အသွေး၊ အသိပညာဗဟုသုတနှင့် ကျွမ်းကျင်မှုမြှင့်တင်ပေးနိုင်ရန် ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။

၃၃။ ထို့အတူ အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံ့ဝန်ထမ်းရေးရာကိစ္စရပ်များကို လေ့လာနိုင်စေရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရန်၊

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အစိုးရအဖွဲ့အစည်းများအကြား နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်များ မျှဝေနိုင်စေရန်ရည်ရွယ်၍ အရည်အချင်း ပြည့်မီသူများအား ပြည်ပသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများသို့ စေလွှတ်တက်ရောက်စေပါသည်။

၃၄။ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် နိုင်ငံခြားပညာသင်စိစစ်ရွေးချယ်စေလွှတ်ရေး ကော်မတီဥက္ကဋ္ဌအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် လုပ်ငန်းခွင်ဘာသာရပ် ဆိုင်ရာ သင်တန်းများအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ကမ်းလှမ်းလာသည့် ပညာသင်ဆုများကို ဘာသာရပ်နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ သတ်မှတ်ခွဲဝေ ဆောင်ရွက်လျက်ရှိပါသည်။ ထို့နောက် ပညာသင်ဆုခွဲဝေရရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ကမ်းလှမ်းသည့် ဘွဲ့၊ သင်တန်းပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီရုံသာမက အင်္ဂလိပ်ဘာသာစကား သင့်တင့်စွာ သို့မဟုတ် ကျွမ်းကျင်စွာပြောဆိုနိုင်သူများကို စေလွှတ်နိုင်ရေး စိစစ်ရွေးချယ်ဆောင်ရွက်ပါသည်။

၃၅။ ပြည်တွင်း ပြည်ပသင်တန်းများသို့ တက်ရောက်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ချိန်တွင် လေ့လာသိရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတများ ဖလှယ်မျှဝေဆွေးနွေးခြင်း၊ သင်တန်းမှရရှိသည့် အကျိုးကျေးဇူးများအား လက်တွေ့ပြန်လည်အသုံးချခြင်းတို့ကို ဆောင်ရွက်စေလျက် ရှိပါသည်။

## အခန်း (၈)
## ရာထူးတိုးမြှင့်ခြင်းအတွက် လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်ခြင်း

၃၆။ ရာထူးတိုးမြှင့်ခြင်းအတွက် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများ အခန်း (၂)၊ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၇)၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၄) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၇) တွင် ဖော်ပြထားရှိပါသည်။ နိုင်ငံ့ဝန်ထမ်းများ၏လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ် ဆောင်ရွက်ရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးအဆင့် အလိုက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သတ်မှတ်ထားသည့် အရည်အချင်းသတ်မှတ်ချက်များပေါ် အခြေခံ၍ အကဲဖြတ်ဆောင်ရွက်ပါသည်။ အကဲဖြတ်အမှတ်ပေးရာတွင် သာမန်အောက်၊ သာမန်၊ သာမန်အထက်နှင့် ထူးချွန်အဆင့်ဟူ၍ အဆင့်လေးဆင့် သတ်မှတ်ဆောင်ရွက်ပါသည်။

၃၇။ ဒုတိယညွှန်ကြားရေးမှူးနှင့်အထက် အဆင့်များအတွက် အကဲဖြတ်အရည်အချင်း သတ်မှတ်ချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မှန်ကန်စွာ ခေါင်းဆောင်မှုပေးနိုင်ခြင်း၊

(ခ) ယုံကြည်စိတ်ချရခြင်း၊

(ဂ) လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊

(ဃ) တာဝန်ကို လိုလားစွာထမ်းဆောင်ခြင်း၊

(င) ဆက်ဆံရေးပြေပြစ်ခြင်း။

၃၈။ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အောက်အဆင့်များအတွက် အကဲဖြတ်အရည်အချင်း သတ်မှတ်ချက် များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ကျေပွန်အောင်ထမ်းရွက်ခြင်း၊

(၂) လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊

(၃) ယုံကြည်စိတ်ချရခြင်း၊

(၄) လေ့လာဆည်းပူးခြင်း၊

(၅) ကြိုးစားမှုရှိခြင်း၊

(၆) တီထွင်ကြံဆတတ်ခြင်း၊

(၇) ရုံး၊ အလုပ်ရုံစည်းကမ်းများကို လိုက်နာခြင်း၊

(၈) အများအကျိုးအတွက် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့ခြင်း၊

(၉) ဆက်ဆံရေးပြေပြစ်ခြင်း၊

(၁၀) ခေါင်းဆောင်မှုပေးနိုင်ခြင်း။

## အခန်း (၉)
## နိုင်ငံ့ဝန်ထမ်းများအတွက် ခံစားခွင့်များ လစာနှင့်စရိတ်၊ ဆွဲဆောင်ခြင်းနှင့် လှုံ့ဆော်ပေးခြင်း

၃၉။ (က) နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအရ ဝန်ထမ်းအဖွဲ့အစည်းများသည် ဝန်ထမ်းတစ်ဦးအား အမြဲတမ်း လစ်လပ်လျက်ရှိသည့် ရာထူးတွင် အတည်ပြုခန့်ထားပြီးဖြစ်လျှင် ယင်းရာထူး၏ မူရင်းလစာကို အနိမ့်ဆုံးလစာအဆင့်မှ စတင်ခံစားခွင့်ပြုရမည်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၅) အရ ကနဦးလစာနှင့် နှစ်တိုးလစာဟူ၍ လစာသတ်မှတ်ခြင်း (၂) မျိုး ရှိပါသည်။

(ခ) ကနဦးလစာဆိုသည်မှာ ဖွဲ့စည်းပုံပါ ရာထူးတစ်ခု၌ ဝန်ထမ်းတစ်ဦး စတင်ခံစားခွင့်ရှိသော လစာဖြစ်ပါသည်။ နှစ်တိုးလစာဆိုသည်မှာ ချိန်နှုန်းလစာရာထူးတစ်ခုတွင် အမြဲတမ်းခန့်ထားခြင်း ခံရသည့် ဝန်ထမ်းသည် နှစ်တိုးအချိန်စေ့ရောက်သည့်အခါ နှစ်တိုးခံစားခွင့်ပြုရန် စတင် လျှောက်ထားရန် မလိုဘဲ ယင်းနှစ်တိုးကို ခံစားခွင့်ရှိသည်။

(ဂ) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၆) အရ ချီးမြှင့်ငွေနှင့် အခကြေးငွေဟူ၍ သတ်မှတ် ထားရှိပြီး ချီးမြှင့်ငွေဆိုသည်မှာ မူလရာထူးတာဝန်မှအပဖြစ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရသည့်အတွက် ဝန်ထမ်းကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ချီးမြှင့်သောငွေဖြစ်သည်။ အခကြေးငွေဆိုသည်မှာ နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေမှတစ်ပါး အခြားသော ရန်ပုံငွေတစ်ရပ်ရပ် မှ ခွင့်ပြုသည့်ငွေဖြစ်သည်။

(ဃ) ထို့ပြင် လက်ရှိ လူမှုရေးခက်ခဲမှု အခြေအနေများရှိသည့် ဒေသများတွင် တာဝန်ထမ်းဆောင်လျက် ရှိသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ဒေသစရိတ် ခံစားခွင့်ပြုသည်။

(င) နိုင်ငံ့ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးရာတွင် ဆွဲဆောင်ခြင်းနှင့် စိတ်ဓာတ်ခွန်အား မြှင့်တင် ပေးသည့်အနေဖြင့် ဝန်ထမ်းတစ်ဦး၏ လုပ်ရည်ကိုင်ရည်၊ အရည်အသွေး၊ စွမ်းဆောင်ရည် များသည် လွန်စွာထူးခြားပြောင်မြောက်သည့် အခြေအနေတွင်ရှိခြင်း၊ အခြားဝန်ထမ်းများထက် ထူးကဲသာလွန်ခြင်း၊ စိတ်ချယုံကြည်စွာ တာဝန်လွှဲအပ်ဆောင်ရွက်နိုင်စွမ်းရှိခြင်းစသည့် ထူးခြားသော အခြေအနေများကြောင့် ချီးမြှင့်လိုပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၄၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရည်အချင်းစစ်ဆေးရေးအဖွဲ့၏ ထောက်ခံတင်ပြမှုအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ သဘောတူညီချက်ဖြင့် ရာထူးတိုးမြှင့်ပေးနိုင်သည်။

**ခွင့်ခံစားခြင်း**

၄၀။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေခွဲ ၇၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အချိန်ပြည့် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းတိုင်းသည် ခွင့်ခံစားခွင့်ရှိသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၆) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈) တို့အရ ဝန်ထမ်းများခံစားခွင့်ရှိသည့် ခွင့်အမျိုးအစား (၁၀) မျိုးရှိပြီး ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရှောင်တခင်ခွင့်၊

(ခ) ကူးစက်ရောဂါကာကွယ်ခွင့်၊

(ဂ) လုပ်သက်ခွင့်၊

(ဃ) ဆေးလက်မှတ်ခွင့်၊

(င) လစာမဲ့ခွင့်၊

(စ) မီးဖွားခွင့်၊

(ဆ) အထူးမသန်စွမ်းခွင့်၊

(ဇ) ဆေးရုံခွင့်၊

(ဈ) သဘော်သားနာမကျန်းခွင့်၊

(ည) ပညာလေ့လာဆည်းပူးခွင့်။

**နိုင်ငံ့ဝန်ထမ်း အခွင့်အရေးများ**

၄၁။ နိုင်ငံ့ဝန်ထမ်းဥပဒေအရ နိုင်ငံ့ဝန်ထမ်းများသည် အောက်ဖော်ပြပါ အခြေခံအခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) အလုပ်တည်မြဲခွင့်၊

(ခ) လုပ်ငန်းခွင်အာမခံချက်ရခွင့်၊

(ဂ) လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့်လျော်ညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ် ခံစားခွင့်၊

(ဃ) ရာထူးတိုးမြှင့်ခွင့်၊

(င) ပညာလေ့လာဆည်းပူးခွင့်၊

(စ) ခွင့်ခံစားခွင့်၊

(ဆ) ထူးချွန်မှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊

(ဇ) ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊

(ဈ) အငြိမ်းစားယူခွင့်၊

(ည) တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊

(ဋ) အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသောအလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊

(ဌ) ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊

(ဍ) ဝန်ထမ်းရေးရာခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့် အယူခံခွင့်၊

(ဎ) ရာထူးအနွယ်ပိုင်ဆိုင်ခွင့်၊

(ဏ) ကူးပြောင်းချိန်ခံစားခွင့်၊

(တ) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊

(ထ) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊

(ဒ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားခံစားခွင့်။

**အငြိမ်းစားယူခြင်း**

၄၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက်သည် ယင်းဝန်ထမ်းအသက် ၆၀ နှစ် ပြည့်သည့်နေ့ရက်ဖြစ်သည်။ အငြိမ်းစားယူသည့်ဝန်ထမ်းသည် နိုင်ငံတော်၏ဝန်ထမ်းအဖွဲ့အစည်း တစ်ရပ်ရပ်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ခြင်းဖြစ်ပြီး တာဝန်ထမ်းဆောင်ခြင်းကြောင့် ရရှိသည့်လစာကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရရှိခြင်းဖြစ်ရမည်။ ဝန်ထမ်းသည်

နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ ပင်စင်အကျိုးခံစားခွင့်များကို ခံစားခွင့်ရှိသည် -

(က) သက်ပြည့်ပင်စင်၊

(ခ) နှစ်ပြည့်ပင်စင်၊

(ဂ) နာမကျန်းပင်စင်၊

(ဃ) လျော်ကြေးပင်စင်၊

(င) အထူးပင်စင်၊

(စ) မိသားစုပင်စင်၊

(ဆ) လျှော့ပေါ့ပင်စင်။

၄၃။ သို့ရာတွင် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် ဥပဒေတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းကြောင့် တာဝန်မှ ယာယီရပ်ဆိုင်းထားခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံနေရသည့် ဝန်ထမ်းတစ်ဦးသည် ယင်းကာလအတွင်း အငြိမ်းစားယူရမည့် အသက်ပြည့်စေကာမူ စုံစမ်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အပြီးသတ်အမိန့်မချမှတ်ရသေးမီ အငြိမ်းစားယူခွင့်မပြုရ။

## အခန်း (၁၀)
## နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်

၄၄။ နိုင်ငံ့ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များကို ဝန်ထမ်းကျင့်ဝတ် (၂၀၀၄) တွင် သတ်မှတ်ပြဋ္ဌာန်းထားရှိပြီး နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာဆိုင်ရာ စောင့်ထိန်းမှုပိုမိုမြင့်မားလာစေရန် အတွက် ၂၀၁၇ ခုနှစ်တွင် ဝန်ထမ်းကျင့်ဝတ်အား ပိုမိုကောင်းမွန်ပြည့်စုံစေရန် ပြင်ဆင်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် "နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်သိက္ခာ" စာစောင်ကို ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄၅။ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများအတွက် ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝကာ ယုံကြည်အားကိုးထိုက်သည့် နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာစေရန်အတွက် အောက်ဖော်ပြပါ လုပ်ငန်းခွင်ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ဝန်ထမ်းကျင့်ဝတ်များအား မြန်မာနိုင်ငံနိုင်ငံ့ဝန်ထမ်းများအတွက် မရှိမဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်သည့် သတ်မှတ်ချက်များအဖြစ် ထည့်သွင်းစဉ်းစားဆောင်ရွက်ပါမည် -

(က) သန့်ရှင်းမှု၊ ရိုးသားမှု၊ ယုံကြည်ထိုက်မှုရှိခြင်း၊

(ခ) စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် စံနမူနာယူထိုက်သည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း၊

(ဂ) တိကျသေချာစွာ ဆောင်ရွက်နိုင်ခြင်း၊ အချိန်ကိုတန်ဖိုးထားခြင်း၊ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း၊

(ဃ) အသိဉာဏ်ပညာ ပြည့်ဝခြင်း၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုစွမ်းရည်ရှိခြင်း၊

(င) ကတိတာဝန် တည်ကြည်မှုရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊

(စ) သည်းခံနိုင်မှုစွမ်းရည်ရှိခြင်း၊ ဖွဲ့လုံ့လနှင့် ယဉ်ကျေးပျူငှာမှုရှိခြင်း၊

(ဆ) ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း၊

(ဇ) စုစည်းညီညွတ်မှုရှိခြင်း၊ ဆွေးနွေးညှိနှိုင်းကာ ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၊

(ဈ) ရိုးဖြောင့်သမာဓိရှိခြင်း၊

(ည) စာနာထောက်ထားစွာ တရားနည်းလမ်းတကျ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) အဂတိတရား (၄) ပါး ကင်းရှင်းခြင်း၊

(ဠ) တာဝန်ကို လိုလားစွာထမ်းဆောင်ခြင်းနှင့်

(ဃ) ရာထူးအဆင့်နှင့်လျော်ညီမှုရှိခြင်း။

## အခန်း (၁၁)
## ကျင့်ဝတ်စည်းကမ်း

၄၆။ ကောင်းမွန်၍ စံနမူနာပြုထိုက်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်စေရန်အတွက် ရာထူးအဆင့်တိုင်းရှိ နိုင်ငံ့ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၁၀) ပုဒ်မ ၃၇ အရ ကျင့်ဝတ်နှင့် လုပ်ငန်းခွင် စည်းကမ်းများကို လိုက်နာရန်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၁၅) နည်းဥပဒေ ၁၆၁ နှင့် ၁၆၂ ပါ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများကို ကျူးလွန်ဖောက်ဖျက်ခြင်းမရှိစေရန်လည်းကောင်း အောက်ဖော်ပြပါ ကျင့်ဝတ်စည်းကမ်းများကို ကျင့်ကြံလိုက်နာရမည် -

(က) အလုပ်ချိန်နှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းများကို လိုက်နာရန်၊

(ခ) တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်း များကို လိုက်နာရန်၊

(ဂ) တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီ ပေးအပ်သည့်အမိန့်ကို ဝန်ထမ်းကိုယ်တိုင် ဖီဆန်ခြင်း၊ အခြားဝန်ထမ်းတို့ကို ဆန့်ကျင်စေရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင် စည်းရုံးခြင်းတို့မှ ရှောင်ရှားရန်၊

(ဃ) အလုပ်ခွင်တွင် လောင်းကစားအမျိုးမျိုးပြုလုပ်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော တားမြစ်ဆေးဝါးများ မှီဝဲသုံးစွဲခြင်း/ရောင်းဝယ်ခြင်းတို့ကို ရှောင်ရှားရန်၊

(င) တာဝန်ထမ်းဆောင်ရာတွင် ရိုင်းပျစွာပြောဆိုပြုမူဆက်ဆံခြင်းနှင့် အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကို ဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန်လှုံ့ဆော်ခြင်း သို့မဟုတ် ပြုလုပ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်းတို့ကို ရှောင်ရှားရန်၊

(စ) လုပ်ငန်းသုံးပစ္စည်းကိရိယာများကို တမင်သက်သက်ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးစေရန် ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဘဏ္ဍာငွေ သို့မဟုတ် နိုင်ငံပိုင်ပစ္စည်းဆုံးရှုံးပျက်စီးစေရန် ပြုလုပ်ခြင်းတို့မှ ရှောင်ရှားရန်၊

(ဆ) အလုပ်ခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာစည်းကမ်းများကို တမင်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ ဖောက်ဖျက်ခြင်းမှ ရှောင်ရှားရန်၊

(ဇ) နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများ၊ လက်ကမ်း စာစောင်များ၊ လူမှုကွန်ရက်များ (ဥပမာ။ Facebook) ပေါ်တွင် ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း သို့မဟုတ် အကြံပြုခြင်းတို့မှ ရှောင်ရှားရန်၊

(ဈ) နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့မှ ရှောင်ရှားရန်၊

(ည) အဂတိလိုက်စားခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း/ယူခြင်းနှင့် အဂတိလိုက်စားမှုဖြစ်ပေါ်စေရန် အားပေးကူညီခြင်းတို့ကို ရှောင်ရှားရန်၊

(ဋ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်၊

(ဠ) မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေကို လိုက်နာရန်နှင့်

(ဃ) တာဝန်ချိန်အတွင်း အချိန်ကို လေလွင့်ဆုံးရှုံးမှုဖြစ်စေသော ဂိမ်းကစားခြင်းများ၊ ဆိုရှယ်မီဒီယာ အသုံးပြုခြင်းများ၊ ဝတ္ထုကာတွန်းဖတ်ခြင်းများနှင့် အချိန်ကိုအလဟဿဖြစ်စေမည့် ကိုယ်ရေး ကိုယ်တာလုပ်ငန်းကိစ္စများပြုလုပ်ခြင်းမှ ရှောင်ရှားရန်။

၄၇။ သို့ဖြစ်ပါ၍ လိုက်နာရန်စည်းကမ်းများကို ဖောက်ဖျက်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအရလည်းကောင်း၊ သက်ဆိုင်ရာဥပဒေအရလည်းကောင်း အရေးယူအပြစ်ပေးနိုင်သည်။

## အခန်း (၁၂)

## ၂၁ ရာစုကို ရှေးရှုသည့် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်၏ အနာဂတ်မျှော်မှန်းချက်၊ အနာဂတ်ဦးတည်ချက်များ၊ နိုင်ငံ့ဝန်ထမ်းစံတန်ဖိုးများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

၄၈။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် နိုင်ငံ့ဝန်ထမ်းစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များသည် လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည်နှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍပေါ်ထွက်လာစေရေးအတွက် ၂၁ ရာစုကို ရှေးရှုသည့် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်၏ အနာဂတ်မျှော်မှန်းချက်၊ အနာဂတ်ဦးတည်ချက်များ၊ နိုင်ငံ့ဝန်ထမ်းစံတန်ဖိုးများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၄၉။ နိုင်ငံ့ဝန်ထမ်းစနစ်၏ အနာဂတ်မျှော်မှန်းချက်မှာ "ပြည်သူလူထုပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်၍ ပြည်သူလူထု၏ ယုံကြည်မှုကို ပိုမိုအားကောင်းစေမည့် ကျင့်ဝတ်နှင့်ညီသော၊ အရည်အချင်းကို အခြေခံသော၊ အားလုံးပါဝင် တာဝန်ထမ်းဆောင်နိုင်သော၊ တုံ့ပြန်ဆောင်ရွက်ပေးသော နိုင်ငံ့ဝန်ထမ်းကဏ္ဍကြီးပေါ်ထွန်းလာစေရန်" ပင် ဖြစ်ပါသည်။

၅၀။ နိုင်ငံ့ဝန်ထမ်းစနစ်၏ အနာဂတ်ဦးတည်ချက်များမှာ -

(က) ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်စေခြင်း၊

(ခ) အရည်အချင်းကို အခြေခံ၍ စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးသော အလေ့အထစနစ်များ ကျင့်သုံးခြင်း၊

(ဂ) လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း၊

(ဃ) ဌာနအချင်းချင်းသာမက ပြည်သူနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးခြင်း၊

(င) ပြည်သူလူထု၏ ယုံကြည်မှုကို ခိုင်မာစွာ တည်ဆောက်ခြင်း။

၅၁။ နိုင်ငံ့ဝန်ထမ်းစံတန်ဖိုးများမှာ -

(က) မှန်ကန်စွာခေါင်းဆောင်မှုပေးနိုင်ခြင်း၊

(ခ) ကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာခြင်း၊

(ဂ) ဆန်းသစ်တီထွင်နိုင်ခြင်း၊

(ဃ) စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် တာဝန်ကိုလိုလားစွာထမ်းဆောင်ခြင်း၊

(င) ညီမျှမှုရှိခြင်း၊

(စ) မှီခိုမှုကင်းစွာ စဉ်းစားတွေးခေါ်ခြင်း၊

(ဆ) ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊

(ဇ) ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း၊

(ဈ) ညီညွတ်မျှတမှုရှိခြင်း၊

(ည) တီထွင်ကြံဆခြင်း၊

(ဋ) လျော်ကန်သင့်မြတ်စွာဝန်ဆောင်မှုပေးခြင်း၊

(ဌ) ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၊

(ဍ) အရည်အသွေးအလေးထားဆောင်ရွက်ခြင်း၊

(ပ) တက်ကြွမှုရှိခြင်း၊

(ဏ) စွမ်းရည်မြှင့်တင်ပေးခြင်း၊

(တ) လွယ်ကူချောမွေ့စွာဆောင်ရွက်ခြင်း၊

(ထ) တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း၊

(ဒ) ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဓ) အထောက်အကူပြုခြင်း၊

(န) ပြည်သူဗဟိုပြုဝန်ဆောင်မှုပြုခြင်း၊

(ပ) လျင်မြန်စွာလုပ်ဆောင်နိုင်ခြင်း၊

(ဖ) ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ဗ) အပြန်အလှန် လေးစားခြင်း၊

(ဘ) သစ္စာစောင့်သိခြင်း၊

(မ) တစ်ဦးချင်းကိုယ်စီသိရှိလိုက်နာခြင်း၊

(ယ) မှန်ကန်စွာဆောင်ရွက်ခြင်း၊

(ရ) အလေးထားဆောင်ရွက်ခြင်း။

၅၂။ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များမှာ -

(က) နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအတွင်းသော်လည်းကောင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ကာ ထိရောက်ကောင်းမွန်သည့် အစီအစဉ်များရေးဆွဲချမှတ်နိုင်ရေး ဆောင်ရွက်မည်။

(ခ) နိုင်ငံတကာအတွေ့အကြုံများနှင့် ဘာသာရပ်ဆိုင်ရာ နည်းလမ်းကောင်းများလေ့လာနိုင်ရန်၊ နိုင်ငံခြား ဘာသာစကားကို နှံ့စပ်ကျွမ်းကျင်နိုင်စေရန်၊ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်း ဆိုင်ရာ နည်းစနစ်များနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာနိုင်စေရန်အတွက် ဝန်ထမ်းများအား ပြည်ပအစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ သင်တန်းများနှင့် နိုင်ငံခြားပညာတော်သင်များ ပိုမိုစေလွှတ်တက်ရောက်နိုင်မည့် အခွင့်အလမ်းကောင်းများ ဖန်တီးဆောင်ရွက်မည်။

(ဂ) နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့် ရာထူးတိုးမြှင့်ရာတွင် အရည်အချင်းအလိုက် ချီးမြှင့် မြှောက်စားမှု အလေ့အထကိုမြှင့်တင်ရန်အလို့ငှာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် စွမ်းဆောင်ရည်စီမံခန့်ခွဲမှုစနစ်များ ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ လေ့လာသင်ယူမှု ပိုမို အားကောင်းလာစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန်အတွက် ကျွမ်းကျင်မှု အခြေပြုလုပ်ငန်းတာဝန်သတ်မှတ်ချက်များ သတ်မှတ်ဆောင်ရွက်မည်။

(ဃ) အုပ်ချုပ်မှုယန္တရားသစ်၏ အဓိကအကျဆုံးလုပ်ငန်းမှာ ကောင်းမွန်သောအစိုးရ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည့်အတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အစိုးရအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား ကျင့်ဝတ်သိက္ခာ ဆိုင်ရာ စံတန်ဖိုးများ မြင့်မားလာစေရန် ပုံမှန်သင်တန်းများအပြင် ကျင့်ဝတ်ဆိုင်ရာအထူးသင်တန်းများ ပံ့ပိုးဆောင်ရွက်မည်။

(င) လုပ်ငန်းခွင်အဆင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် သီးသန့်သတ်မှတ်ထားသည့် ကဏ္ဍများနှင့်သက်ဆိုင်သည့် အထူး သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရမည်။

## ၂၁ ရာစုကို ရှေးရှုသည့် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်၏ အနာဂတ် ဦးတည်ချက်များနှင့် နိုင်ငံ့ဝန်ထမ်း စံတန်ဖိုးများ

| ဦးတည်ချက် / စံတန်ဖိုးများ | ကျင့်ဝတ်နှင့် အညီ ဆောင်ရွက်စေခြင်း | အရည်အချင်းကို အခြေခံ၍စွမ်းဆောင်ရည်ရှိမှုကိုဦးစားပေးသောအလေ့အထစနစ်များကျင့်သုံးခြင်း | လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း | ဌာနအချင်းချင်း သာမကပြည်သူနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ပေးခြင်း | ပြည်သူလူထု၏ ယုံကြည်မှုကို ခိုင်မာစွာ တည်ဆောက်ခြင်း |
|---|---|---|---|---|---|
| **နိုင်ငံ့ဝန်ထမ်း** | ● တစ်ဦးချင်း ကိုယ်စီသိရှိလိုက်နာခြင်း | ● ဆန်းသစ်တီထွင်နိုင်ခြင်း<br>● မှီခိုမှုကင်းစွာ စဉ်းစားတွေးခေါ်ခြင်း | ● တီထွင်ကြံဆခြင်း<br>● အလေးထားဆောင်ရွက်ခြင်း | ● တက်ကြွမှုရှိခြင်း<br>● စွမ်းရည်မြှင့်တင်ပေးခြင်း | ● အထောက်အကူပြုခြင်း<br>● လျော်ကန်သင့်မြတ်စွာဝန်ဆောင်မှုပေးခြင်း<br>● အပြန်အလှန်လေးစားခြင်း |
| **ဝန်ထမ်းအဖွဲ့အစည်းများ** | ● စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် တာဝန်ကိုလိုလားစွာထမ်းဆောင်ခြင်း<br>● မှန်ကန်စွာခေါင်းဆောင်မှုပေးနိုင်ခြင်း | ● ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း<br>● ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ရှိခြင်း | ● ပြောင်းလွယ်ပြင်လွယ်ရှိခြင်း | ● လွယ်ကူချောမွေ့စွာဆောင်ရွက်ခြင်း<br>● တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း | ● ပြည်သူဗဟိုပြုဝန်ဆောင်မှုပြုခြင်း |
| **နိုင်ငံ့ဝန်ထမ်းနယ်ပယ်** | ● ကျင့်ဝတ်နှင့်စည်းကမ်းလိုက်နာခြင်း<br>● ညီမျှမှုရှိခြင်း<br>● သစ္စာစောင့်သိခြင်း | ● ညီညွတ်မျှတမှုရှိခြင်း | ● အရည်အသွေးအလေးထားဆောင်ရွက်ခြင်း | ● ပူးပေါင်းဆောင်ရွက်ခြင်း | ● လျင်မြန်စွာလုပ်ဆောင်နိုင်ခြင်း<br>● ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်ဆောင်ရွက်ခြင်း<br>● မှန်ကန်စွာဆောင်ရွက်ခြင်း |

## အခန်း (၁၃)
## နိဂုံး

၅၃။ နိုင်ငံတော်၏ စွမ်းဆောင်ရည်အင်အားသည် နိုင်ငံတော်အပေါ် ပင်မကျောရိုးသဖွယ်ထောက်ပံ့ကာ ပြည်သူအပေါ် ဝန်ဆောင်မှုပေးလျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းတို့၏ ထိရောက်မှုရှိသော၊ စွမ်းဆောင်ရည်ရှိသော ဆောင်ရွက်နိုင်မှု စွမ်းအားပေါ်တွင် မူတည်ပါသည်။ ကိုယ်ရည်ကိုယ်သွေး အမျိုးမျိုးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် စုပေါင်းထားသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းကို ဟန်ချက်ညီညီ တိုးတက်လာစေရန်အတွက် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းစနစ်သည် အဓိကအရေးပါသည့်ကဏ္ဍမှ ပါဝင်ပြီး ပြည်သူများအပေါ် ထိရောက်အကျိုးရှိသည့် ဝန်ဆောင်မှုများနှင့် စီမံအုပ်ချုပ်မှုရေးရာကိစ္စရပ်များကို ထောက်ပံ့ပေးခြင်းဖြင့် နိုင်ငံ့စွမ်းဆောင်ရည်နှင့် နိုင်ငံသားတို့၏ ကောင်းကျိုးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၉) ၏ သဘောတူညီချက်အရ ပြည်ထောင်စုလွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်အေးသန္တာ အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၆၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၉) ၏ သဘောတူညီချက်အရ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူး (၂) ဦးအား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(၁) ဦးအောင်ကိုဝင်း

(၂) ဦးမြတ်မင်းစိုး

### အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၁၉)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၉) ၏ သဘောတူညီချက်အရ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဒေါ်သူဇာဝင်း အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၁၉)

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၂/၂၀၁၉) ၏ သဘောတူညီချက်အရ ချင်းပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဦးဆလိုင်းနီဒွန်း အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) နှင့် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇) တို့ဖြင့် ဖွဲ့စည်းခဲ့သည့် ဖွဲ့စည်းပုံသစ်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ခိုင် အား သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူခွင့်ပြုချက်အရ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ကြည်းတပ်ဌာနစု)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

အမှတ် ၁၃၅/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော်(ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | လှမြင့် | ကြည်း | ၇၄၇၀၂ | ၂-၁၁-၂၀၁၉ |
| (၂) | ဝင်းရွှေ | ကြည်း | ၇၄၇၀၃ | ၄-၁၁-၂၀၁၉ |
| (၃) | မျိုးမြင့် | ကြည်း | ၇၄၇၀၄ | ၉-၁၁-၂၀၁၉ |

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

အမှတ် ၁၃၆/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့မှ အစပြု၍ တပ်မတော်(ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ကျော်ဦး ကြည်း ၇၄၇၀၅

**(ရေတပ်ဌာနစု)**

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

အမှတ် ၈/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှအစပြု၍ တပ်မတော်(ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

ပွင့်လင်း ရေ ၅၄၇၇

## (လေတပ်ဌာနစု)

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

အမှတ် ၄/၂၀၁၉။ ။ အောက်ဖော်ပြပါ လေကြောင်းစက်ပစ်ကြီးများအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၀၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | | |
|---|---|---|---|---|
| (၁) | ရဲကျော်သူ | လေ | ၄၃၄၇ | ၉-၁၁-၂၀၁၉ |
| (၂) | ဇော်ဝင်း | လေ | ၄၃၄၈ | ၁၀-၁၁-၂၀၁၉ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၉၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၉၉/က၊ မြေကွက်အမှတ် - စ/၆၈ (စ-၁)၊ **မြေဧရိယာ ၀. ၁၁၃ ဧက** အား **ရွှေသာစည်မဟာစည်ရိပ်သာကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ - ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့နယ်၊ မုရောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၅၉၅/ကြက်သွန်ကုန်းကွင်း၊ ဦးပိုင်အမှတ် (၄၉ (က/၃))၊ **မြေဧရိယာ ၅. ၀၀ ဧက** အား **မြစေတီစာသင်တိုက် (ရဲကျောင်း)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ - ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၉၃/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ရွှေမြယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၆၈၂ (ခ)၊ ဆင်သေအင်းကွင်း၊ ဦးပိုင်အမှတ် (၁၇/၃၉) မှ မြေဧရိယာ ၀. ၃၀ ဧက၊ ဦးပိုင်အမှတ် (၁၈/၁၂) မှ မြေဧရိယာ ၀. ၂၀ ဧကနှင့် ဦးပိုင်အမှတ် (၁၉/၂၃) မှ မြေဧရိယာ ၀. ၃၂ ဧက၊ **စုစုပေါင်းမြေဧရိယာ ၀. ၈၂ ဧက** အား **ဆန္ဒာဓိကာရုံကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## မြန်မာ့သစ်လုပ်ငန်း

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

အမှတ် ၃၉၈ ။ ။ မြန်မာ့သစ်လုပ်ငန်း၊ အင်ဂျင်နီယာဌာနမှ အောက်ဖော်ပြပါ အငယ်တန်း လက်ထောက် (အင်ဂျင်နီယာ) (၂၄) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၁/၂၀၁၉) မှ သဘောတူညီချက်အရ လက်ထောက်မန်နေဂျာ (အင်ဂျင်နီယာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလျက် ယှဉ်တွဲပါအစီအစဉ်အတိုင်း တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိနေရာ | တာဝန်ချထားသည့်နေရာ |
|---|---|---|---|
| (က) | ဦးတင်မောင်လှ | အမှတ် (၁) သစ်စက် | ကသာ (အရှေ့) သစ်ထုတ်ရေးဒေသ |
| (ခ) | ဦးမန်းဇော်သန်းချိန် | ဟသ်ာတသစ်ထုတ်ရေးဒေသ | ဟသ်ာတသစ်ထုတ်ရေးဒေသ |
| (ဂ) | ဦးကျော်မင်းသန့် | အခြေစိုက်အလုပ်ရုံ၊ မန္တလေး | ကသာ (အနောက်) သစ်ထုတ်ရေးဒေသ |
| (ဃ) | ဦးခင်မောင်ဝင်း | အခြေစိုက်အလုပ်ရုံ၊ ရန်ကုန် | အခြေစိုက်အလုပ်ရုံ၊ ရန်ကုန် |
| (င) | ဦးအောင်ကိုဇင် | ဒုတိယအထွေထွေမန်နေဂျာရုံး ချင်းပြည်နယ် | ဒုတိယအထွေထွေမန်နေဂျာရုံး ချင်းပြည်နယ် |
| (စ) | ဦးကျော်သောင်းဟန် | အခြေစိုက်အလုပ်ရုံ၊ ဆွာ | တောင်ကြီးသစ်ထုတ်ရေးဒေသ |
| (ဆ) | ဦးအောင်ခိုင်စိုး | အခြေစိုက်အလုပ်ရုံ၊ ဆွာ | အခြေစိုက်အလုပ်ရုံ၊ ဆွာ |
| (ဇ) | ဦးထွန်းထွန်းဦး | အမှတ် (၁၀) ပရိဘောဂစက်ရုံ | အမှတ် (၁၀) ပရိဘောဂစက်ရုံ |
| (ဈ) | ဒေါ်အိအိမင်း | ရေယာဉ်နှင့် ပို့ဆောင်ရေးအလုပ်ရုံ | ရေယာဉ်နှင့် ပို့ဆောင်ရေးအလုပ်ရုံ |
| (ည) | ဦးမျိုးမင်းဦး | နေပြည်တော် (တောင်) သစ်ထုတ်ရေးဒေသ | နေပြည်တော် (တောင်) သစ်ထုတ်ရေးဒေသ |
| (ဋ) | ဒေါ်ဖြူမာခင် | အမှတ် (၃) ပရိဘောဂစက်ရုံ | အင်ဂျင်နီယာဌာန၊ ရုံးချုပ် |
| (ဌ) | ဦးနေမျိုးထွန်း | ပြည်တွင်းရောင်း/စက်ရုံ ရခိုင်ပြည်နယ် | ပြည်တွင်းရောင်း/စက်ရုံ ရခိုင်ပြည်နယ် |
| (ဍ) | ဦးလင်းထိုက် | အမှတ် (၈၈) သစ်စက်၊ တောင်ငူ | ဒုတိယအထွေထွေမန်နေဂျာရုံး ပဲခူးတိုင်းဒေသကြီး |
| (ဎ) | ဦးထွန်းမင်းလှိုင် | မော်လိုက် (အရှေ့) သစ်ထုတ်ရေးဒေသ | မော်လိုက် (အရှေ့) သစ်ထုတ်ရေးဒေသ |
| (ဏ) | ဦးငြိမ်းချမ်းထွန်း | မြိတ်သစ်ထုတ်ရေးဒေသ | မြိတ်သစ်ထုတ်ရေးဒေသ |
| (တ) | ဦးထက်လင်း | ကျွန်းသစ်လုံးဌာနစု | ကျွန်းသစ်လုံးဌာနစု |
| (ထ) | ဦးအေးကျော် | ပင်မအလုပ်ရုံ၊ ပြည်ထောင်စုနယ်မြေ | ဂန့်ဂေါသစ်ထုတ်ရေးဒေသ |
| (ဒ) | ဦးဝင်းနိုင်ထွန်း | အခြေစိုက်အလုပ်ရုံ၊ ပြည် | မော်လိုက် (မြောက်) သစ်ထုတ်ရေးဒေသ |
| (ဓ) | ဦးထွန်းထွန်းဝင်း | အမှတ် (၇၅) သစ်စက်၊ မုံရွာ | ကောလင်းသစ်ထုတ်ရေးဒေသ |
| (န) | ဦးအာကာအောင် | အမှတ် (၃) သစ်ပါးလွှာစက်ရုံ | ပြည်တွင်းရောင်း/စက်၊ မကွေး |
| (ပ) | ဦးသက်ထွန်းနောင် | အထက်မြန်မာပြည် သင်္ဘောကျင်း | အထက်မြန်မာပြည် သင်္ဘောကျင်း |
| (ဖ) | ဦးမျိုးဇင်အေး | သင်္ဘောတင်ဌာနစု | ပြည်တွင်းရောင်း/စက်၊ ပုသိမ် |
| (ဗ) | ဒေါ်စန်းမြတ်သက် | ပြည်တွင်းရောင်း/စက်၊ မုံရွာ | ပြည်တွင်းရောင်း/စက်၊ မုံရွာ |
| (ဘ) | ဦးစိုးမင်းသိန်း | ရွှေလီ-မဘိမ်း သစ်ထုတ်ရေးဒေသ | ရွှေလီ-မဘိမ်း သစ်ထုတ်ရေးဒေသ |

ခင်စန်း၊
အထွေထွေမန်နေဂျာ (စီမံရေး)၊
မြန်မာ့သစ်လုပ်ငန်း။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက် ( ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

## Myanmar Con Yat Company Limited

Liquidation and Appointment of Liquidator

At the Extraordinary General Meeting of the Shareholders of **Myanmar Con Yat Company Limited** duly convened on 14.12.2019.

**Special Resolutions -**

1. That the **Myanmar Con Yat Co., Ltd** be voluntarily wound-up the members with effect from 14.12.2019.
2. That Daw Cho Cho Toe, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such periods as may be necessary only for the beneficial winding-up there and is granted such other powers as may be deemed fit or proper and to final winding-up the Company.
3. That all persons claiming to be creditors of the above **Myanmar Con Yat Co., Ltd** are requested to submit details of their for review together with any strong documentary evidence in their possession, to the Liquidator at No.S.7, Second Floor, Aung San Stadium Northern Wing, Joe Phyu Street, Mingalar Taung Nyunt Township, Yangon Region, before 20.1. 2020.

Mr. Tatwin Owen Edmunds
Managing Director
Myanmar Con Yat Co., Ltd

No.10, 8th Floor, U Weikzar Street, 7th Ward, Pazundaung Tsp, Yangon. Tel:+959-970 669 907,+959-978 406 505
Email: info@myanmarconyat.com.mm, www.myanmarconyat.com.mm

## NEO DREAM COMPANY LIMITED

ဖျက်သိမ်းရန် ကြေညာချက်

၁။ **NEO DREAM COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် (၂၇. ၅. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၆၁/ခ)၊ (၅) လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဆန်းထွန်း [၁၂/သကန (နိုင်) ၀၃၃၂၅၉] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်ရှိသည်များကို တစ်လအတွင်း ဦးဆန်းထွန်းထံ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကြေညာလိုက်ပါသည်။

LEE IG DONG
Managing Director
NEO DREAM CO., LTD

ဦးဆန်းထွန်း
(B.Com, CPA, F.B.S.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
NEO DREAM CO., LTD

**Notice**

## CECIL (MYANMAR) COMPANY LIMITED

(In member's Voluntary Liquidation)

Pursuant of Section 208 E of the Myanmar Companies Act:

**Final Meeting**

A final meeting of the above Company will be held on 20th January 2020 at No. (90), Bomhu Ba Htoo Road, Ward (48), North Dagon Township, Yangon Region, at 9:00 am.

**AGENDA**

1. To Explain & Lay before the meeting the Liquidator's account of the Liquidation.
2. To give any explanation thereof.

Ko Ko Naing
[B.Com (Q), CPA] (PA-1163)
Certified Public Accountants
ACA-Audit Firm
No. 227-229, 4th Floor, Seikkantha Street,
(Middle Block), Kyauktada Township, Yangon Region.

Under Member's In Company Voluntary Winding-Up

**ZTE CORPORATION (YANGON BRANCH)**

(Desirable Liquidation in Progress)

Under Myanmar Companies Law Section 357

(Final Meeting and Dissolution)

According to the Myanmar Companies Law, Section 357, to confirm the Liquidation of **ZTE CORPORATION (YANGON BRANCH),** the Final Meeting will be held on at No-3 A, Junction City Office Tower, Unit 11, Bogyoke Aung San Road, Pabedan Township, Yangon Region at 10:00 am on 20.1.2020.

U Chandra
Advocate
Liquidator
ZTE CORPORATION (YANGON BRANCH)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ဦးကျော်မြင့်နှင့် သားများ အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(U Kyaw Myint & Sons General Trading Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ**

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၀) ရက်နံနက် (၉း၀၀) နာရီအချိန်တွင် တိုက်အမှတ် (၅)၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ဒေါ်ခင်သင်းကြူ
[B.Com (Q), CPA]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၀/၂၂ ဘီ)၊ ချယ်ရီကွန်ဒို၊ (၈) လွှာ (အေ)၊
မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ပြည်ထွန်းအောင်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(Pyi Htun Aung Trading Co., Ltd)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

**နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ**

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၀) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၂၆၀)၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ဒေါ်ခင်သင်းကြူ
[B.Com (Q), CPA]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၀/၂၂ ဘီ)၊ ချယ်ရီကွန်ဒို၊ (၈) လွှာ (အေ)၊
မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**နက်ရေးအုပ်စု ကုမ္ပဏီလီမိတက်**

**(NATRAY GROUP COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နက်ရေးအုပ်စု ကုမ္ပဏီလီမိတက် (NATRAY GROUP COMPANY LIMITED)** အား (၁၈. ၁၁. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ရီနွယ်ထွန်း (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်မာလာ
မန်နေးဂျင်းဒါရိုက်တာ
NatRay Group Company Limited

ဒေါ်ရီနွယ်ထွန်း
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၇၈)၊ ၄ လွှာ၊ အထက်ပန်းဆိုးတန်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

## SKRK Legal Services Company Limited (FC-657/2013-2014)

Final Meeting

### နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈-င (၁) အရ **SKRK Legal Services Company Limited (FC-657/2013-2014)** ဖျက်သိမ်းခြင်းကို (၂၀. ၁. ၂၀၂၀) နေ့တွင် နံနက် (၉း၀၀) နာရီတွင် အပြီးသတ် စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Nyunt Nyunt Than
[B. Com (A.A), R.A, CPA, Dip in French (I.F.L)]
Liquidator
No. (39) (1st Floor, Left)
Kyaung Kone Street,
Sanchaung Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၃၄၈ အရ

### မြန်မာ့တောက်ပသောတောင်ပံ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

### (MYANMA BRIGHT WING SERVICES COMPANY LIMITED)

ကုမ္ပဏီတွင် ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်အရ **မြန်မာ့တောက်ပသောတောင်ပံ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (MYANMA BRIGHT WING SERVICES COMPANY LIMITED)** အား (၁၈. ၁၂. ၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B. Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U MYA THEIN
Managing Director
MYANMA BRIGHT WING SERVICES
COMPANY LIMITED

ဒေါ်စန်းကြည်
[B. Com (Q), CPA]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၁၉၅၀/၂၀-၁၂-၂၀၁၉။